ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ စနေနေ့၊ (19-3-2005) (၄၅၄၂)

ခေတ်မီစက်ရုံအလုပ်ရုံများ ရင်းနှီးမြှုပ်နှံထူထောင်နေ

နိုင်ငံတော်၏ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၌ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစား ပိုမိုမြင့်မားလာစေချင်၍ ယခုကဲ့သို့ ခေတ်မီစက်ရုံ အလုပ်ရုံများကို မိမိတို့ ရင်းနှီးမြှုပ်နှံ ထူထောင်နေခြင်းဖြစ်။

စက်ပစ္စည်းများထုတ်လုပ်ရာ၌ မိမိတို့လိုအပ်ချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်ကို မှန်မှန်ကန်ကန်ဆန်းစစ်တွက်ချက် ပုံသဏ္ဍာန်ရောအရည်အသွေးပါ အမြဲတိုးတက်ကောင်းမွန်နေရန် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းရှိရန်အထူးလိုအပ် သုံးစွဲသူများထံမှ ဝေဖန်အကြံပြုချက်များရအောင်စီစဉ်ပြီး အားနည်းချက်များကို ထိထိရောက်ရောက်ပြုပြင်

ရန်ကုန် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှု ဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံနှင့်အလုပ်ရုံများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အင်းတကော်စက်မှုနယ်မြေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေရှိ သုတေသနနှင့်ဖွံ့ဖြိုးမှုဌာန၌တိုးတက်ထုတ်လုပ်ထားသော ကုန်ပစ္စည်းအမယ်သစ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၃-၂၀၀၅
(စနေနေ့)

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံအတွင်းရှိ လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အဓိကအကျဆုံး စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ ကျေးလက်ဒေသနေ ပြည်သူများ၏ ပင်မအသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသများဖွံ့ဖြိုးရေးနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေမည့် အစီအမံများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးတွင် အခြေခံဖြစ်သည့် ကျေးလက်ဒေသများ၌ စိုက်ပျိုးရေးလုပ်ငန်းများကို မိရိုးဖလာသမားရိုးကျ နည်းလမ်းများမှ ချဲ့ထွင်၍ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ တစ်ဧကအထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်သီးနှံများ၊ လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများ အသုံးပြုသွားနိုင်ရေးတို့အတွက် အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းညွှန်မှုများနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် အဓိကဖြစ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်း၊ မကွေး၊ မန္တလေး တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်နှင့်တိုင်းတို့တွင် ၁၀နှစ်စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

သာဓကအားဖြင့် မန္တလေးတိုင်းအတွင်းမှ မြစ်သား၊ ကျောက်ဆည်၊ မြင်းခြံ၊ စဉ့်ကိုင်၊ တံတားဦး၊ မတ္တရာ၊ လယ်ဝေး၊ ဝမ်းတွင်း၊ သာစည်၊ အမရပူရနှင့် မိတ္ထီလာအပါအဝင် ၁၁ မြို့နယ်တို့၌ မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိနေပြီဖြစ်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဧရာဝတီတိုင်း ဖျာပုံမြို့ ကန်တော်ကြီး သောက်သုံးရေကန်မှ မြို့ရေပေးရေး လုပ်ငန်းဖွင့်ပွဲနှင့် ချောင်းတွင်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁ ရက်နေ့က ဖျာပုံမြို့နယ်၌ ကျင်းပခဲ့သည်။

အဆိုပါ ရေပေးဝေရေးအစီအစဉ်အရ ရေရှားပါးသော ရပ်ကွက်များမှ ပြည်သူ ၉၀၀၀ ကျော်တို့အတွက် သန့်ရှင်းသော သောက်သုံးရေများ ပေးဝေလျက်ရှိသည်။ တိုးချဲ့ရေပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းတစ်ခုလုံး ပြီးစီးပါက ဖျာပုံမြို့ပေါ်ရပ်ကွက် ၁၈ ခုမှ ပြည်သူ ၅၀၀၀၀ ကျော်တို့အတွက် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့နယ်အတွင်း ယခုဖွင့်လှစ်လိုက်သော ချောင်းတွင်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်သည် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၄၃ သန်းကျော်ဖြင့် ဆောင်ရွက်ခဲ့သော အရှည် ၁၃၁၆ ပေရှိ ကျေးလက်နှင့် မြို့ပြ ဆက်သွယ်ထားသည့်လမ်းဖြစ်၍ ဒေသနေပြည်သူများ ကူးသန်းဆက်သွယ်သွားလာရေးအတွက် များစွာအကျိုးပြုလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်စေတနာရှင်ပြည်သူများက စေတနာအား၊ ဝီရိယအားအပြည့်အဝဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၅) ဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် (၁၇၃/၁၇၅) ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့်အထူးဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ယခုပို့ချခဲ့သော သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက "ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် Pro-Government များအဖြစ် စွမ်းဆောင်ရည်မြင့်မားနေရန်ဖြစ်ကြောင်း" မိန့်ကြားခဲ့ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေး ဝန်ထမ်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဤသင်တန်းမှ ပို့ချလိုက်သော ပညာရပ်များအပေါ်အခြေပြု၍ မိမိတို့၏လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်ကြရန်၊ ပြည်သူတို့အား မှန်ကန်စွာ စည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းသည် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း(အရာရှိ) အမှတ်စဉ် (၁/၂၀၀၅)သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသားခေါင်းဆောင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် တုံးတာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး အားဗျေ့(ခေါ်) ဦးအေးမောင်ထံ ပေးအပ်သည်။

ဆုများပေးအပ်

ဆက်လက်၍ သင်တန်းထူးချွန် ပထမဆုရ ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး ဒုတိယဦးစီးမှူး ဒေါ်ညွန့်ညွန့်စိန်၊ ထူးချွန် ဒုတိယဆုရ သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်နှင့် ထူးချွန်တတိယဆုရ မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးခိုင်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းတွင်ပို့ချခဲ့ကြသော သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ပြည်သူ့ဆက်ဆံရေးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ် (၁/၂၀၀၅) သင်တန်းဆင်းပွဲတွင် ထူးချွန်ဒုတိယဆုရရှိသူ အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့သိုင်းပညာပြပွဲနှင့်ဗန်တို(အတိုက်)ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ကျင်းပမည့် မြန်မာပြည်တစ်ဝန်းမှ ဆရာကြီးများအပါအဝင် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲကို မတ် ၂၈ရက်မှ ၃၁ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ အခမဲ့ကြည့်ရှုအားပေးနိုင်ကြကြောင်းနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဖုန်း-၅၈၀၇၁၂၊ ၅၈၄၃၅၃ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။(ကြေးမုံ)

အင်းစိန်မြို့နေ ဦးကျော်အုန်း-ဒေါ်ခင်ကြည်(ရတနာဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး)နှင့် သားသမီးများက အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြသင်းနှင့် အဖွဲ့ဝင်များ လက်ခံယူစဉ်။ (က-ပ)

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်စာတမ်းများ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက ဆက်လက်ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၁၈

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းဖတ်ကြားသည့် အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့် ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၂၉ဦးအနက် ကိုယ်စားလှယ်ပေါင်း ၂၈ ဦးတို့ တက်ရောက်ကြသည့်အတွက် ၉၆ ဒသမ ၅၅ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။ ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ အကြံပြုချက်ကို ဦးစောသန်းအောင်နှင့် မန်းတင်မောင်(ခေါ်) မန်းမျိုးညွှန့်တို့ကလည်းကောင်း၊ "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းကို ဦးညီပလုပ်ကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြပြီး စာတမ်းများကို အလှည့်ကျသဘာပတိထံ ပေးအပ်ကြသည်။ ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၀၉ ဦးရှိသည့်အနက် ၁၀၇ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၇ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။ ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရား စီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအခွင့်အာဏာ၊ နိုင်ငံ့ဝန်ထမ်း၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုတို့နှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်သုံးဦးတို့က အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးလှတင်က တက်ရောက်လာကြသူ ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာမနန်းတူးဂျာက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးအောင်ခမ်းထီနှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၄ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဒေါက်တာ မနန်းတူးဂျာက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဦးမင်းအိမ်နှင့် ဦးခွန်တင်ထွဋ်တို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဒေါက်တာ မနန်းတူးဂျာက တက်ရောက်လာကြသူ ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကိုအတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းဖတ်ကြားသည့် အစည်းအဝေးတွင် အလှည့်ကျသဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဒေါက်တာ မနန်းတူးဂျာ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ဆိပ်မြတ်ကမ်းသာ

*** ပြည်ထောင်စု လှေတော်သားတို့**
မွန် ကယား ချင်း ကချင်၊
ကရင် ဗမာ ရခိုင် ရှမ်း
အေးချမ်းတဲ့ မိသားစုအသွင်။
လူမျိုးကစုံစုံလင်
အားသစ်ဆင် ဒို့သွေးသား၊
ရွက်အကုန် တက်စုံဖွင့်
လွှင့်ကြစို့လား။ ။
*** ပြည်ထောင်စု ဒို့ရဲ့လှေ**
မုန်တိုင်းရေ လှိုင်းလေပုတ်
မဆုတ်တွန်းလှန်၊
ကိုလိုနီလက်သစ်ရဲ့
ဆိုးညစ်သည့်အကြံ
ဖယ်ရှားရန်မလွဲ။
အရေးကြုံ သွေးဆုံကြ၊
အောင်ရမှာပ။ ။
*** ဒို့ရဲ့လှေ ပြည်ထောင်စု**
ဒို့ရဲ့ပြည် တည်ထောင်ပြု
ရည်ဆောင်ပြု အခြေခံဥပဒေ
ပြုစုလို့နေ၊
ဒို့ညီနောင် ရှစ်ဖွဲ့က
ဒို့ချစ်တဲ့ ပြည်ထောင်စုအတွက်
ရည်ဆောင်ပြု ဆိပ်မြတ်ကမ်းသာ
သိပ်ကပ်လှမ်းလာ၊
ရောက်ဖို့ရာမဝေး။
လမ်းစဉ်မှန်ခုနစ်ရပ်
တည့်မတ်စွာ လမ်းပြပေးပြီမို့
အရေးကြီးပြီ စည်းလုံးကြပါစို့
လှေခွက်ချည်းကျန် အလံမလှဲ စတမ်းသာပ
ရေပွက်ဟည်းသံ အသံမစဲရအောင်
(ပြည်သူတို့ရယ်) နှဲ့ကြစို့လေး။ ။

တက္ကသိုလ်တင်ခ

(အမျိုးသားညီလာခံကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။)

ဂွာတာနာမိုအကျဉ်းစခန်းတွင် ကန်တပ်ဖွဲ့ဝင်များ လူ့အခွင့်အရေးချိုးဖောက်လျက်ရှိကြောင်း ကျူးဘားပြောကြား

ဟာဗားနား မတ် ၁၇

ကျူးဘားနိုင်ငံ ဂွာတာနာမို အမေရိကန်ရေတပ်အကျဉ်းစခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများအား နှိပ်စက်ကလူပြုနေမှုသည် အခြေခံအကျဆုံးဖြစ်သည့် လူ့အခွင့်အရေးများကို လုံးဝဖောက်ဖျက်ကျူးလွန်နေမှုဖြစ်ကြောင်း၊ အကျဉ်းသမားများမှာ စွဲချက်တင်ခံရခြင်းလည်းမရှိ၊ သင့်တင့်လျောက်ပတ်သည့် စီစဉ်ဆောင်ရွက်မှုလည်း မရှိခဲ့ကြောင်း ကျူးဘားက အင်္ဂါနေ့တွင် ပြောကြားသည်။

ကျူးဘားနိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌ ရီကာဒိုအလာကွန်က ဂွာတာနာမို အကျဉ်းစခန်းမှ အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုကို ရှုတ်ချပြောကြားသည်။

ရှုတ်ချ

ဂွာတာနာမို အကျဉ်းစခန်းမှ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ခွဲခြမ်းစိတ်ဖြာလေ့လာမှ တရားမျှတမှု ရှိနိုင်မည်ဖြစ်ပြီး ယင်းလုပ်ရပ်ကို ရှုတ်ချရမည်ဟု အလာကွန်က ပြောကြားသည်။ လူ့အခွင့်အရေးကော်မရှင် အစည်းအဝေး မကျင်းပမီ ဂျီနီဗာတွင် အမေရိကန်အစိုးရက ကျူးဘားဆန့်ကျင်ရေး တိုးမြှင့်ဆောင်ရွက်သည့် မကြာမီက လှုပ်ရှားမှုအား အလာကွန်က ပြောကြားရာတွင် ယင်းသို့ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါတာဝန်ရှိပုဂ္ဂိုလ်က ကျူးဘားနှင့် လူ့အခွင့်အရေးဟူသည့် စာချုပ်နှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်းခွဲ၍ ထုတ်ဖော်ပြောကြားသွားသည်။ အပိုင်းတစ်ပိုင်းတွင် သမ္မတဂျော့ဂျ်၊ ဘုရှ် လက်ထက် ကျူးဘားဆိုင်ရာ အမေရိကန်အစိုးရမူဝါဒနှင့် အခြားတစ်ပိုင်းတွင် အမေရိကန်အစိုးရက ကျူးဘားနိုင်ငံကို နှစ် ၄၀ တိုင်တိုင် စီးပွားရေးအရ ပိတ်ဆို့ခဲ့မှုရလဒ်ကြောင့် တစ်စတစ်စ ဆိုးရွားစွာ ကြုံတွေ့နေရသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများကို ဖွင့်ချသွားသည်။

အမေရိကန်အစိုးရက ကျူးဘားတော်လှန်ရေး ကျဆုံးရန် ကြိုးပမ်းနေကြောင်း၊ အမေရိကန်အစိုးက ကျူးဘားနိုင်ငံအား အထောက်အပံ့ပေးမည့် အစီအစဉ်သည် အမှန်အားဖြင့် ကျူးဘားကို ထိပါးထိုးနှက်ရေးသာဖြစ်ကြောင်း အလာကွန်က ဆက်လက်ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ကင်းလှည့်

အမေရိကန်အမှတ်(၁) ကြည်းတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး မိုဆူးလ်မြို့တွင် ကင်းလှည့်နေသည်ကို မတ် ၁၅ ရက် က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကြည်းတပ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား ထောင်ဒဏ် ၄၅ ရက် ကျခံစေရန် ပြစ်ဒဏ်ချမှတ်

ဖို့ဟုဒ်(တက္ကဆပ်) မတ် ၁၇

အမေရိကန်ကြည်းတပ်မှ ဗိုလ်တစ်ဦးသည် အီရတ်အကျဉ်းသားများအား ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့မှုဖြင့် အမေရိကန်ဒေါ်လာ ၁၂၀၀၀ လစာမှ ဖြတ်တောက်ပေးဆောင်ရန်နှင့် ထောင်ဒဏ် ၄၅ ရက် ကျခံစေရမည်ဖြစ်သည်။ ၎င်းသည် အီရတ်အကျဉ်းသားတစ်ဦးအား တိုက်ဂရစ်မြစ်အတွင်း တွန်းချခဲ့မှုကြောင့် အကျဉ်းသားမှာ ရေနစ်သေဆုံးခဲ့ရသည်။

၎င်းဗိုလ်မှာ ကြည်းတပ်မှ ဂျက်ဆဗီးလ်ဖြစ်ပြီး ၎င်းကအီရတ်အရပ်သားနှစ်ဦးအား သေနတ်ဖြင့် ချိန်ရွယ်ကာ ဆမ်မာရာဒေသရှိ တိုက်ဂရစ်မြစ်အတွင်း ၂၀၀၄ ခုနှစ် ဇန်နဝါရီလက တွန်းချပစ်ခဲ့မှုနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း ဝန်ခံပြောကြားခဲ့သည်။ ယင်းနောက် အီရတ်နိုင်ငံ ဘာလက်မြို့တွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလက ကျူးလွန်ခဲ့သည့် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုတစ်ခုအတွက်လည်း ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

ပြစ်ဒဏ်ချမှတ်

အစိုးရရှေ့နေများအား အသနားခံလွှာလျှောက်ထားသည့် သဘောတူညီချက်အရ ဂျက်ဆဗီးလ်အနေဖြင့် ထောင်နှစ်နှစ်နီးပါး ကျခံရနိုင်ဖွယ်ရှိသည်။ သို့ရာတွင် ဗိုလ်မှူးကြီးသီအို ဒိုဒစ်ဇွန်က ၎င်းအား ၄၅ ရက်သာ ထောင်ဒဏ်ကျခံစေရန်နှင့် လစာ ခြောက်လစာမှ လစဉ် ဒေါ်လာ ၂၀၀၀ ဖြတ်တောက်ရန်သာ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

တောင်းပန်တိုးလျှိုး

ကြည်းတပ်မှ ဗိုလ်ဂျက်ဆဗီးလ်က အီရတ်အကျဉ်းသားများအား တောင်းပန်တိုးလျှိုးပြီး လူကောင်းတစ်ယောက်ဖြစ်ရန် သင်ခန်းစာရထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထောင်ဒဏ်ခြောက်လ

တိုက်ဂရစ်မြစ်အတွင်း တွန်းချခဲ့သည့် အခြားပူးတွဲ တရားခံတစ်ဦးဖြစ်သည့် တပ်ကြပ်ကြီး ထရေစီပါကင်ကိုလည်း ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုဖြင့် ထောင်ဒဏ်ခြောက်လ ကျခံစေရန် ဇန်နဝါရီလက စီရင်ချက်ချမှတ်ခဲ့သည်။

၎င်းတို့နှစ်ဦးစလုံး (ဂျက်ဆဗီးလ်နှင့် ထရေစီပါကင်)မှာ ကနဦးက လူသတ်မှုဖြင့် စွပ်စွဲခံထားရကြောင်း၊ အဘယ်ကြောင့်ဆိုသော် အတွန်းချခံခဲ့ရသည့် အီရတ်အရပ်သားတစ်ဦးမှာ သေဆုံးသည်ဟု ယူဆရဖွယ်ရှိသောကြောင့်ဖြစ်သည်။

မဟုတ်မမှန်

သို့ရာတွင် ထရေစီပါကင်အား စစ်ဆေးရာ ၎င်းတို့နှစ်ဦးစလုံးက အီရတ်အရပ်သားနှစ်ဦးသည် ရေကူး၍ လွတ်မြောက်သွားခဲ့ပြီး သေဆုံးမှုမှာ မဟုတ်မမှန်ကြောင်း သက်သေခံပြောကြားခဲ့ကြသည်။ *အမ်အင်အေ၊ရိုက်တာ။*

ရေကောင်းရေသန့်ရရှိရေး တန်ဇန်းနီးယား စီမံကိန်းချမှတ်

ဒါရက်ဆလမ် မတ် ၁၇

တန်ဇန်းနီးယားအစိုးရသည် ၂၀၁၅ ခုနှစ်ထက် နောက်မကျစေဘဲ ရေကောင်းရေသန့် မရရှိကြသော လူဦးရေထက်ဝက် လျော့နည်းသွားစေရန် ဦးတည်ဆောင်ရွက်လျက် ရှိကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ်အထိ မြို့ပြနှင့်ကျေးလက်နေပြည်သူများ၏ ၈၆ ဒသမ ၅ ရာခိုင်နှုန်းကို ရေကောင်းရေသန့်ပေးနိုင်ရေးအတွက် ၁၀ နှစ်စီမံကိန်း ချမှတ်ထားကြောင်း ရေနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးမှုဝန်ကြီး အက်ဒဝပ်လိုဝါဆာ၏ ပြောကြားချက်ကို ကိုးကားလျက် ဒေးလီးနယူးစ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

လောလောဆယ်တွင် ကျေးလက်နေပြည်သူ ၄၇ ရာခိုင်နှုန်းနှင့် မြို့ပြနေပြည်သူ ၂၇ ရာခိုင်နှုန်းတို့မှာ ဘုံဘိုင်ရေကို မရရှိကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

သြစတြေးလျတပ်ဖွဲ့ဝင်များ အီရတ်သို့စေလွှတ်ရေး ပြည်သူလူထုထက်ဝက်ကျော်က ဆန့်ကျင်

ကင်ဘာရာ မတ် ၁၇

သြစတြေးလျတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ အများအပြား စေလွှတ်ရေးနှင့် ပတ်သက်သည့် သြစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်၏ ဆုံးဖြတ်ချက်ကို သြစတြေးလျနိုင်ငံသား ထက်ဝက်ကျော်က ဆန့်ကျင်ကြပြီး ယင်းပြဿနာနှင့်အတူ မြင့်တက်လာသည့် အတိုးနှုန်းကိစ္စများကြောင့်လည်း လူထုတွင်း ထောက်ခံမှုနည်းပါးရကြောင်း အင်္ဂါနေ့ကထုတ်ပြန်သည့် လူထုစစ်တမ်းတစ်ရပ်အရ သိရသည်။

ဒုတိယသက်တမ်း တာဝန်ယူနေသည့် သြစတြေးလျဝန်ကြီးချုပ်အား မဲဆန္ဒရှင်များ၏ ထောက်ခံမှုသည် ယခုနှစ်စောစောပိုင်းက ၇၀ ရာခိုင်နှုန်းနီးပါး အထိ ရောက်လာခဲ့ပြီးနောက် လွန်ခဲ့သည့်လအတွင်းတွင် ၅၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရကြောင်း အေစီနီဆင်ကောက်ယူသည့် လူထုသဘောထား စစ်တမ်းအရ သိရသည်။

သြစတြေးလျတပ်ဖွဲ့ဝင်များ အီရတ်သို့ အများအပြား စေလွှတ်ရေးကို သြစတြေးလျနိုင်ငံသား ၃၇ ရာခိုင်နှုန်းက ထောက်ခံပြီး ၅၅ ရာခိုင်နှုန်းက ဆန့်ကျင်ကြကြောင်း အေစီနီဆင်ကောက်ယူသော လူထုသဘောထားစစ်တမ်းကို ဆစ်ဒနီမောနင်းဟာရယ် သတင်းစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့တော်၏ မြောက်ဘက် အယ်လ်မိုအာဇမ် ဒေသတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်နေသော ကားတစ်စီးကို မတ် ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်တိုက်ဖျက်မှုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ကန်အစိုးရ တရားရုံးတွင်စစ်ဆေးခံရဖွယ်ရှိဟုဆို

ဂျီနီဗာ မတ် ၁၇

ကုလသမဂ္ဂက ကမ္ဘာတစ်ဝန်းတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများအား ယခုရက်သတ္တပတ်တွင် အသေးစိတ်စိစစ်မှုများ ပြုလုပ်လျက်ရှိနေသည်။ အမေရိကန်အစိုးရက အကြမ်းဖက်တိုက်ဖျက်မှုစစ်ပွဲဆင်နွှဲရာတွင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုများနှင့် ပတ်သက်သည့်သတင်းများကြောင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများတွင် အများတကာက လက်ညှိုးထိုးဝေဖန်နေကြသည်။ အမေရိကန်အနေဖြင့် ၎င်းကိုယ်တိုင်ရုံးတင် စစ်ဆေးခံရမည့် အခြေဆိုက်နေသည်။

ပြည်ပနိုင်ငံများတွင် ထိန်းသိမ်းထားသည့် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းနေသော အမေရိကန်အစိုးရအား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များက ရှုတ်ချပြောကြားရန် နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ လှုပ်ရှားပြောင်းလဲရေးဝါဒီများက တိုက်တွန်းပြောကြားကြသည်။ *အမ်အင်အေ၊ရိုက်တာ။*

ဂွာတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားဟောင်းတစ်ဦး အမေရိကန်တပ်ဖွဲ့ဝင်များ၏ နှိပ်စက်ပုံပြောကြား

လန်ဒန် မတ် ၁၇

ကျူးဘားနိုင်ငံမှ အမေရိကန်ရေတပ် အကျဉ်းစခန်းရှိ အကျဉ်းသားများမှာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းမှုကိုခံနေရပြီး စိတ်ဖောက်ပြန်စေသည်အထိ နှိပ်စက်မှုခံနေရကြောင်းဖြင့် ယင်းစခန်းမှ လွတ်မြောက်လာသည့် ဗြိတိသျှအကျဉ်းသားဟောင်း တစ်ဦးက အင်္ဂါနေ့က ပြောကြားလိုက်သည်။

ရူးသွပ်သွားစေရန်

၎င်းအကျဉ်းသားမှာ မူဘာန်ဂါဖြစ်ပြီး အကြမ်းဖက်သူဟု သင်္ကာမကင်း၍ ဂွာတာနာမို အကျဉ်းစခန်းတွင် သုံးနှစ်တာ ထိန်းသိမ်းခံခဲ့ရသူ တစ်ဦးဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ အဓိကရည်ရွယ်ချက်သည် အကျဉ်းသားများ ရူးသွပ်သွားစေရန်သာ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လွတ်မြောက်

စိတ်ဖောက်ပြန်သွားခဲ့သည့် အခြားအကျဉ်းသား အများအပြားရှိကြောင်း၊ မိမိကိုယ်တိုင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှု၊ အရှက်တကွဲ အကျိုးနည်းစေရန် ပြုလုပ်မှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရကြောင်းဖြင့် မူဘာန်ဂါက ပြောကြားသည်။ ၎င်းမှာ စွဲချက် တင်ခြင်းမရှိဘဲ ဂွာတာနာမို အကျဉ်းစခန်းတွင် ထိန်းသိမ်းခံခဲ့ရပြီးသည့်နောက် ဇန်နဝါရီလက ပြန်လည်လွတ်မြောက်လာခဲ့သည်။

နှိပ်စက်

မူဘာန်ဂါသည် ဗြိတိန်နိုင်ငံသို့ ပြန်လာရာ ဗြိတိသျှရဲတပ်ဖွဲ့က ၎င်းအား စစ်ဆေးမေးမြန်းခဲ့ပြီး စွဲချက်တင်မှု မရှိဘဲ ပြန်လွှတ်ပေးခဲ့သည်။ ဂွာတာနာမိုအကျဉ်းစခန်းတွင် စစ်ဆေးမေးမြန်းမှု ပြုလုပ်ခဲ့စဉ်အတွင်း အမေရိကန်တပ်ဖွဲ့များ၏ ရုပ်ပိုင်းဆိုင်ရာအရရော စိတ်ပိုင်းဆိုင်ရာအရပါ နှိပ်စက်မှုခံခဲ့ရကြောင်း မူဘာန်ဂါက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးပေးရန် မူဘာန်ဂါက ဗြိတိသျှ ပြည်ထဲရေးဝန်ကြီးဌာနထံ အသနားခံလွှာ တင်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

☆ **နိုင်ငံတော်မှ**

နှစ် (၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများနှင့်အတူ နံနက် ၆နာရီတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့သည် မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့၏ (တပ်ပါ) စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ နံနက် ၈နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

စစ်သမိုင်းပြတိုက်ရှိ ဝန်ကြီးဌာနနှစ်ခု ပြခန်းများ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ဆိုင်ရာ ပြခန်းများ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်နေသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ တိုင်းကျိုးပြည်ပြုပြည်သူ့အကျိုးပြုလုပ်ငန်း ပြခန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြခန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးကလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တပ်မတော်စစ်သမိုင်းပြတိုက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြခန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)



တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၁၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးကုသမှုခံယူနေကြသော တပ်မတော်သားများ အသုံးပြုရန် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သွေးလှူရှင် ၆၀ တို့၏ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်းနှင့် ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်တို့က သွေးလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကြပြီး တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးကြီးထွန်းထွန်းက သွေးလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ထာဝရသွေးလှူရှင်စာရင်း ပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၈

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ထာဝရသွေးလှူရှင်စာရင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၅ ရက်တွင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မကွေးတိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ သွေးလှူဒါန်းခဲ့သည့် အင်အား ၃၃၈ ဦးနှင့် ထာဝရသွေးလှူရှင်၃၄၈၇ဦးဖြစ်ကြောင်း ကြေညာပြီး မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ထာဝရသွေးလှူရှင်စာရင်းကို တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လှမြင့်ထံ ပေးအပ်သည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ ထူးခြားစွာ သွေးလှူဒါန်းခဲ့ကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်လှမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

သဃ်န်းကျွန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ် (၂၄)၌ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၁ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မွေးမွေးက တတိယတန်း ဒုတိယဆုရရှိသူ မောင်အောင်မင်းသန်းအား ဆုချီးမြှင့်စဉ်။

(က-ပ)

အထက (ဗထူးတပ်မြို့) ရွှေရတုကျင်းပမည်

ရန်ကုန် မတ် ၁၈

ဗထူးတပ်မြို့ တပ်မတော် ကလေးများ အထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား အာစရိယပူဇော်ပွဲကို နိုဝင်ဘာလတွင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အာစရိယ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အနယ်နယ်အရပ်ရပ်၌ ရောက်ရှိနေကြသော ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများသည် ဆက်သွယ်လှူဒါန်းလိုပါက ရန်ကုန်မြို့ ဦးခင်မောင်ဝင်း ဖုန်း ၀၁-၅၈၄၄၉၉၊ ၀၉-၅၀ ၁၇၂၃၄၊ ဦးဘုန်းအောင် ဖုန်း ၀၁-၅၂၅၇၀၇၊ ဒေါ်သန်းသန်းနွဲ့ ဖုန်း ၀၁-၅၁၀၅၉၅၊ ဦးညွန့်အောင် ဖုန်း ၀၁-၅၃၈၅၃၀နှင့် ဗထူးတပ်မြို့ ဦးသန်းမောင်၊ ဖုန်း ၀၈၁-၄၀၁၀၁၊ အထက်တန်းပြ ဆရာမ ဒေါ်သဲနု ဖုန်း ၀၈၁-၄၀၀၈၇ တို့ထံ ဆက်သွယ်လှူဒါန်းပေးပို့နိုင်သည်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်းဆင်း

ရန်ကုန် မတ် ၁၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းအမှတ်စဉ်(၁၀/၂၀၀၄)ဆင်းပွဲကိုယနေ့ နံနက် ၈ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲမှူးချုပ်ဝင်းမြိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ သင်တန်းတွင် ပို့ချပေးသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နည်းပြအရာရှိများ တက်ရောက်ကြသည်။

သင်တန်းတွင် ပထမဆုကို သတင်းတပ်ဖွဲ့မှ ဒုတိယရဲအုပ် နုနုအောင်၊ ဒုတိယဆုကို ဒုတိယရဲအုပ် ခိုင်ကလျာအေး၊ တတိယဆုကို ဒုတိယရဲအုပ် အောင်ဇေဝင်းတို့က ရရှိကြသည်။

ရည်ရွယ်ချက်

သင်တန်းသို့ ရဲအရာရှိ၄၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့သည်။ သင်တန်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအတွက် လုံခြုံစိတ်ချမှုနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်စေရန်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ရန်ဖြစ်သည်။

(သတင်းစဉ်)

မက်မန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မတ် ၁၈

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ် မတ် ၁၃ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀၀ဝပ်၊ လိုင်းနံပါတ် ၇ဖြင့် ၂၀၀၅ ခုနှစ် မတ် ၁၄ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ပဲမျိုးစုံ တိုးတက်တင်ပို့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှသည်

မောင်ပီတိ

ကမ္ဘာ့ပဲမျိုးစုံထုတ်လုပ်မှု၏ ၄၅ ရာခိုင်နှုန်းကို အာရှတိုက်မှ ထုတ်လုပ်သည်ဟု ကမ္ဘာ့မှတ်တမ်းများက ဖော်ပြထားကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ထုတ်ပြန်သော စာရင်းဇယားများအရ ၂၀၀၃ ခုနှစ်တွင် ပဲမျိုးစုံသီးနှံ မက်ထရစ်တန်ချိန် ၂၃သမ၈ သန်း ထုတ်လုပ်ခဲ့သည်ဟုဆိုပါသည်။ လောလောဆယ် ကမ္ဘာ့ပဲဈေးကွက်တွင် ကနေဒါနိုင်ငံသည် ပဲအများဆုံး တင်ပို့ရောင်းချနေသော ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံသည် ဒုတိယအများဆုံး တင်ပို့သည့် နိုင်ငံနေရာတွင် ရောက်ရှိနေပါသည်။ ပြည်ပပို့ကုန်အတွက် အားထားရသော ပဲမျိုးစုံသီးနှံကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဟက်တာပေါင်း ၃ဒသမ၃၉ သန်း စိုက်ပျိုးခဲ့ပြီး မက်ထရစ်တန်ချိန် ၃ဒသမ၁ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းဇယားများအရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ပဲမျိုးစုံစုစုပေါင်း ဟက်တာ ၃ဒသမ၄၈သန်း စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းထားပြီး ပဲအထွက်ပမာဏပေါင်းကို မက်ထရစ်တန်ချိန် ၃ဒသမ၄ သန်းခန့် ထွက်ရှိလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံတွင် ပြည်ပဈေးကွက်ဝင်ပြီး အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပဲသုံးမျိုးမှာ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ဖြစ်ကြပါသည်။ ၎င်းအပြင် ပဲပုပ်၊ ကုလားပဲ၊ ပဲလွမ်းစသည်တို့ကိုလည်း စိုက်ပျိုးထုတ်လုပ်လျက် ရှိနေကြပါသည်။ ယခင်က ဈေးကွက်ကောင်းများရခဲ့ပြီး ယခုဈေးကွက်ပျောက်နေသော ပဲအမျိုးအစားများအဖြစ် ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာစသည်တို့ကိုလည်း ဖော်ထုတ်တွေ့ရှိခဲ့ကြရပြီးဖြစ်ပါသည်။ မြန်မာ့ပဲဈေးကွက် မြှင့်တင်နိုင်ရေးအတွက် အဓိကပဲသုံးမျိုးသာမက နိုင်ငံခြားဈေးကွက် အလားအလာကောင်းမည့် အခြားမြန်မာ့ ရေ၊ မြေထွက် ပဲအမျိုးအစားများကိုလည်း လေ့လာဖော်ထုတ်ပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်သွားကြရန် အချိန်အခါကောင်းလည်း ဖြစ်ပါသည်။ နိုင်ငံခြားဈေးကွက်က လက်ခံနိုင်မည့် နိုင်ငံခြားအကြိုက် ပဲအမျိုးအစားများ ထုတ်လုပ်တင်ပို့ ရောင်းချသွားကြဖို့ဖြစ်ပါသည်။

ပဲကို ပဲအတိုင်း ကုန်ကြမ်းအဖြစ် ရောင်းချတင်ပို့သည့် ပုံစံမျိုးသာမက ပဲမျိုးစုံပြုပြင်ထုတ်လုပ်သည့် အပိုင်းကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ကိုင်သွားကြရန် လိုအပ်နေပါသည်။ သမားရိုးကျ သန့်စင်စက်၊ အဆင့်ခွဲခြားစက်များ ရှိနေရုံ၊ လုပ်ငန်းဖြစ်ရုံဖြင့် ကျေနပ်နှစ်သိမ့်မနေကြဘဲ တန်ဖိုးမြှင့်ပို့ကုန်များ ထုတ်လုပ်ပေးနိုင်သည့် စက်ကိရိယာများ ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း တစ်ဖက်မှ အလေးပေးဆောင်ရွက်သွားရန် အထူးလိုအပ်လျက် ရှိနေပေသည်။ ပဲမျိုးစုံကိုအခြေခံပြီး အသင့်စားစရာများ ထုတ်လုပ်ခြင်း၊ အခွံချွတ် ခွဲခြမ်းများအဖြစ် တင်ပို့ခြင်း၊ ဆွဲဆောင်မှုရှိပြီး စနစ်ကျနသော ထုပ်ပိုးမှုစနစ်များဖြင့် တင်ပို့ရောင်းချခြင်း စသည်ဖြင့် တီထွင်ကြံဆသည့် အတွေးများဖြင့် ပေါင်းစပ်ကာ လုပ်ငန်းများ ချဲ့ထွင်လုပ်ဆောင်သွားဖို့လည်း လိုအပ်နေပါသည်။

မြန်မာ့ပဲမျိုးစုံ ဈေးကွက်အနေဖြင့် အိန္ဒိယနိုင်ငံသည် အဓိကဝယ်ယူနေသည့် နိုင်ငံဖြစ်ပြီး မြန်မာ့ပဲမျိုးစုံပို့ကုန်၏ ၇၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံက ဝယ်ယူနေခြင်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ဈေးကွက်တစ်ခုတည်းကို အဓိကမှီခိုနေရသည့် အခြေအနေမှ အခြားအခြားသော ကမ္ဘာ့နိုင်ငံဈေးကွက်များသို့လည်း ဈေးကွက်သစ်များ ရရှိရေးအတွက် စမ်းသပ်ထိုးဖောက်ကြည့်ကြရန် အခြေအနေများလည်း ပေးလျက်ရှိနေပါသည်။ ရရှိလာသော အခြေအနေကောင်းကို အမိအရ အသုံးချကြဖို့ လိုအပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့ အနေဖြင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက် ၈နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲအထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဋ္ဌမထပ်ရှိ ညီလာခံခန်းမတွင် မြန်မာ့ပဲမျိုးစုံ ထုတ်ကုန်တိုးတက်တင်ပို့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ မြန်မာ့ပဲမျိုးစုံ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ပဲမျိုးစုံပို့ကုန်လုပ်ငန်းရှင်များ၊ မြန်မာ့ပဲမျိုးစုံ ဝယ်ယူနေသည့် နိုင်ငံခြားကုမ္ပဏီများ၊ စက်မှုကုန်ထုတ်အသင်း၊ ရန်ကုန်စက်မှုဇုန်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ သမဝါယမ ပို့ကုန်/သွင်းကုန်လုပ်ငန်း၊ ပဲကုန်သည်လောကမှ အတွေ့အကြုံရှိသည့် ပညာရှင်ကြီးများ၊ စာနယ်ဇင်းမီဒီယာများကို တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့ရာ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့သည်ကို တွေ့ရှိရပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အဓိကစာတမ်းလေးစောင် ဖတ်ကြားတင်ပြခဲ့ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးအောင်ရွှေက **"ပဲမျိုးစုံ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး"** (Variety Improvement & Seed Production of Pulses) စာတမ်းကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ အင်ဂျင်နီယာချုပ် ဦးနီပေါက **"တန်ဖိုးမြှင့်ပို့ကုန်ပဲမျိုးစုံ ပြုပြင်ထုတ်လုပ်ရေး စက်ကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေး တင်ပြခြင်း"** စာတမ်းကိုလည်းကောင်း၊ e-Trade Myanmar Co.Ltd မှ ဒါရိုက်တာ ဦးထွန်းထွန်းနိုင်က **"မြန်မာ့ပဲမျိုးစုံ သီးနှံများ၏ ဈေးကွက်သတင်းအချက်အလက်"** (Market Information For Myanmar Pulses & Beans) စာတမ်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင်က **"မြန်မာ့ပဲမျိုးစုံ ဈေးကွက်ချဲ့ထွင်တင်ပို့ရေး"** (Market Extension) စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြသွားခဲ့ပါသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာဦးအောင်ရွှေက မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသော ယေဘုယျပဲအမျိုးအစားများ၊ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ပုံ၊ ပဲအဓိကနယ်မြေများနှင့် အထွက်၊ မိုးပဲနှင့် ဆောင်းပဲစိုက်ဧရိယာနှင့် အထွက်များ၊ ပြည်ပပို့ကုန်တမ်းဝင် ပဲအမျိုးအစားများ၊ ပြည်တွင်းမတ်ပဲအမျိုးအစားများနှင့် စိုက်ပျိုးထုတ်လုပ်မှုများ၊ ပြည်တွင်းပဲတီစိမ်း အမျိုးအစားများနှင့် စိုက်ပျိုးထုတ်လုပ်မှုများ၊ ကုလားပဲအမျိုးအစားသစ်များနှင့် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ပဲမျိုးစုံ တင်ပို့ရောင်းချနေသော ကမ္ဘာ့နိုင်ငံကြီးများ၊ ပဲပုပ်နှင့် စိုက်ပျိုးထုတ်လုပ်မှုများ၊ ပဲပုပ်စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များ၊ ပဲပုပ်စိုက်ပျိုးထုတ်လုပ်သော အဓိက ကမ္ဘာ့နိုင်ငံများနှင့် ပြည်ပတင်ပို့နေမှုများ၊ အာဆီယံနိုင်ငံများအတွင်း ပဲပုပ်စိုက်ပျိုးထုတ်လုပ်နေမှုများ၊ ပဲမျိုးဖွံ့ဖြိုးရေး၊ ပဲမျိုးစမ်းသပ်စစ်ဆေးနည်း၊ မျိုးဖြန့်ခြင်း၊ ပဲမျိုးစုံသီးနှံအမျိုးမျိုးတို့၏ ယေဘုယျလက္ခဏာများ၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ပဲမျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ အစီအစဉ်များ စသည်တို့ကို ပါဝါပွိုင့်၊ ဇယား၊ ကိန်းဂဏန်းများဖြင့်စုံလင်စွာ ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးမှ အင်ဂျင်နီယာချုပ် ဦးနီပေါက ၁၉၈၈ ခုနှစ်မတိုင်မီနှင့် နောက်ပိုင်း မြန်မာ့ပဲမျိုးစုံ တင်ပို့ရောင်းချရမှု အခြေအနေများ၊ မြန်မာ့ပဲမျိုးစုံ အခေါ်အဝေါ်သုံးစွဲမှုများ၊ မြန်မာ့ ပဲမျိုးစုံသီးနှံ၏ ပြည်ပတင်ပို့ရောင်းချနေသော ပဲအမျိုးအစားများ၊ ကမ္ဘာ့ပဲဈေးကွက်ဝေစုထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် အကြံပြု တင်ပြချက်၊ အလားအလာရှိသော ပို့ကုန်ပဲမျိုးစုံနှင့် ဈေးကွက်များ၊ အလားအလာ ရှိသော ပဲပို့ကုန်အမယ်သစ်များ စသည်တို့ကို ပါဝါပွိုင့်များဖြင့် ဇယား၊ ဂရပ်ဖစ်များဖြင့် လုပ်ငန်းရှင်များ ရှုထောင့်မှစုံလင်စွာ ရှင်းလင်းတင်ပြ သွားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးချက်များအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ပဲတင်ပို့သည့် နိုင်ငံနေရာတွင် ရပ်တည်နေသော်ငြား မြန်မာ့ပဲအထွက်နှုန်းများသည် ကနေဒါ၊ ဩစတြေးလျစသည့် နိုင်ငံများနှင့်ယှဉ်လျှင် နိမ့်ကျနေဆဲဖြစ်ကြောင်း တွေ့ရှိကြရပါသည်။ သို့အတွက် ပြည်တွင်း ကာလဒေသနှင့် ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိစစ်ပြီး စိုက်ပျိုးထုတ်လုပ်သွားရန် အထူးလိုအပ်လျက်ရှိပါသည်။ ရေ၊ မြေ၊ ရာသီဥတုမတူညီသည့် ဇုန်များဖြစ်ကြသည့် မိုးများသည့် အောက်မြန်မာပြည်၊ မိုးနည်းခြောက်သွေ့သည့် အလယ်ပိုင်းဒေသ၊ မိုးများပြီး အေးမြသော ရှမ်းပြည်နယ်တောင်တန်းဒေသများ အများစုတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာမှာ မျိုး၊ မြေဩဇာ၊ စိုက်ပျိုးနည်းစနစ်၊ ရာသီဥတုစသည်တို့ကို စနစ်တကျ စီချိန်စီညွှန်းများ၊ အရည်အသွေးမြင့် ဈေးကွက် (Quality Market)သို့ တင်ပို့ရောင်းချခြင်း၊ တန်ဖိုးမြှင့် (Value Added)လုပ်ဆောင်၍ တင်ပို့ရောင်းချခြင်း၊ ခေတ်မီပဲစက်များ၊ တန်ဖိုးမြှင့် ပို့ကုန် ပဲမျိုးစုံ ပြုပြင်ထုတ်လုပ်ရေး စက်ကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကြံပြု သုံးသပ်ချက် စသည်တို့ကို ပါဝါပွိုင့်၊ ရုပ်ပုံ၊ ကားချပ်ဇယား၊ ကိန်းဂဏန်းများဖြင့် အင်ဂျင်နီယာရှုထောင့်၊ ပို့ကုန်လုပ်ငန်းရှုထောင့်မှ စုံလင်စွာ ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

> **မြန်မာနိုင်ငံတွင် ပြည်ပဈေးကွက်ဝင်ပြီး အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပဲသုံးမျိုးမှာ မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံ တို့ ဖြစ်ကြပါသည်။ ၎င်းအပြင် ပဲပုပ်၊ ကုလားပဲ၊ ပဲလွမ်းစသည်တို့ကိုလည်း စိုက်ပျိုးထုတ်လုပ်လျက် ရှိနေကြပါသည်။ ယခင်က ဈေးကွက်ကောင်းများရခဲ့ပြီး ယခု ဈေးကွက်ပျောက်နေသော ပဲအမျိုးအစားများအဖြစ် ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာစသည်တို့ကိုလည်း ဖော်ထုတ်တွေ့ရှိခဲ့ကြပြီးဖြစ်ပါသည်။ မြန်မာ့ပဲဈေးကွက် မြှင့်တင်နိုင်ရေးအတွက် အဓိကပဲသုံးမျိုးသာမက နိုင်ငံခြားဈေးကွက် အလားအလာကောင်းမည့် အခြား မြန်မာ့ ရေ၊ မြေထွက် ပဲအမျိုးအစားများကိုလည်း လေ့လာဖော်ထုတ်ပြီး စနစ်တကျ စိုက်ပျိုး ထုတ်လုပ်သွားကြရန် အချိန်အခါကောင်းလည်း ဖြစ်ပါသည်။**

e-Trade Myanmar Co.,Ltd မှ ဒါရိုက်တာ ဦးထွန်းထွန်းနိုင်က ကုမ္ပဏီ၏ နောက်ခံသမိုင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဆိုင်ရာ လေ့လာစုဆောင်းထားမှုများ၊ မြန်မာ့ပဲမျိုးစုံ ထုတ်ကုန်တိုးတက်တင်ပို့ရေးဆိုင်ရာကဏ္ဍတွင် အိုင်စီတီပိုင်းမှ ဝင်ရောက်ကူညီပံ့ပိုးပေးနိုင်မည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဝန်ဆောင်ခနှုန်းထားများ၊ ပြည်ပတင်ပို့ရောင်းချရေးတွင် ဈေးကွက်သတင်းအချက်အလက်များ အရေးကြီးပုံနှင့် ရယူစုဆောင်းပုံများ၊ ဆောင်ရွက်ပေးစေလိုသည့် ဈေးကွက်သတင်းဆိုင်ရာ အိုင်စီတီဝန်ဆောင်မှုများ စသည်တို့ကို ပါဝါပွိုင့်များဖြင့် အိုင်စီတီရှုထောင့်မှ စုံလင်စွာ ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းအောင်က ကမ္ဘာ့ပဲမျိုးစုံ နှစ်အလိုက် စိုက်ပျိုးထုတ်လုပ်မှု၊ အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများ၏ ပဲမျိုးစုံနှစ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းများ၊ မြန်မာနိုင်ငံ၏ ပဲမျိုးစုံသီးနှံ ထုတ်လုပ်နေမှု အခြေအနေများ၊ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ပဲမျိုးစုံ ပိုမိုစိုက်ပျိုးထုတ်လုပ်လာမှုနှင့် ပြည်ပသို့ တိုးတက်တင်ပို့လာမှုများ၊ မြန်မာ့ပဲ ပြည်ပဈေးကွက် အနေအထား၊ အာရှတိုက်မှ ပဲဝယ်နိုင်ငံများ၏ နှစ်အလိုက် ဝယ်ယူတင်သွင်းမှု၊ အိန္ဒိယနိုင်ငံ၏ ပဲစိုက်ဧရိယာ၊ ထုတ်လုပ်မှုနှင့် အထွက်နှုန်းများ၊ အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံသီးနှံ နှစ်အလိုက် စိုက်ပျိုးထုတ်လုပ်မှု၊ မြန်မာ့ပဲသီးနှံနှင့် အိန္ဒိယဈေးကွက် ဆက်နွယ်မှု၊ ဂျပန်ဈေးကွက်မှ နှစ်အလိုက် ပဲမျိုးစုံသီးနှံ ဝယ်ယူတင်သွင်းမှုများနှင့် ဝယ်ယူ ဈေးနှုန်းများ၊ တရုတ်ဈေးကွက်မှ သုံးသပ်ကာ ရွေးချယ်စိုက်ပျိုးသွားမည်ဆိုပါက ကမ္ဘာ့ပဲမျိုးစုံ ဈေးကွက်တွင် မြန်မာ့ပဲ အမျိုးအစားများ ဈေးကွက်ဝေစုရရှိလာနိုင်စရာအကြောင်းများလည်း ရှိနေပါသည်။

မြန်မာ့ပို့ကုန်များ၏ အချိုးကို နှစ်အလိုက်လေ့လာကြည့်ပါက ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ပဲမျိုးစုံတင်ပို့မှု အချိုးသည် ၈ ရာခိုင်နှုန်းနှင့် ၂၀၀၃-၂၀၀၄ တွင် ၁၁ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် တင်ပို့မှုများပင်များလာသော်ငြား ပဲမျိုးစုံပြည်ပတင်ပို့မှုမှ ရရှိလာသောဝင်ငွေမှာမူ ထင်သလောက်တိုးတက်မလာသေးကြောင်း တွေ့ရှိရရာ တင်ပို့မှုပမာဏ တိုးမြှင့်လာသလို နိုင်ငံခြားဝင်ငွေရရှိမှု တိုးတက်လာရေးကိုလည်း ဘက်ပေါင်းစုံမှ ကြိုးစားသင့်ပါကြောင်း တွေ့ရှိရပါသည်။ မြန်မာ့ပဲမျိုးစုံ ပြည်ပတင်ပို့ရေးတွင် အခက်အခဲ၊ အဟန့်အတားများဖြစ်နေသေးသော ပဲအရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်ကောင်းရရှိရေး၊ ဈေးကောင်းရရှိရေး၊ ပြည်ပဈေးကွက်ဝင်မည့် ပဲအမျိုးအစားသစ်များ ဖော်ထုတ်ရေးနှင့် နိုင်ငံခြားဈေးကွက်ဝင်ရေး ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ချိပေးရေး၊ ပဲအရွယ်အစား ခွဲခြားစက်များတွင် မရှိမဖြစ်လုပ်ငန်းလိုအပ်ချက်ဖြစ်သော ဆန်ခါများကို ပြည်တွင်း၌ပင် တီထွင်ထုတ်လုပ်နိုင်ရေး၊ ပဲမျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ရောင်းချသည့် ကုမ္ပဏီများပေါ်ပေါက်ဖြစ်ထွန်းလာရေး၊ ယခင်ဈေးကွက် ရရှိခဲ့ပြီးသည့် မြန်မာ့ပဲများ ဈေးကွက်လျော့နည်းလာရခြင်းကို သုတေသနပြု လေ့လာနိုင်ရေး၊ လုပ်ငန်းဆက်စပ်သည့်ဌာန ပေါင်းစုံပါဝင်သော ပဲမျိုးစုံလုပ်ငန်းတိုးတက်ရေး ကော်မတီဖွဲ့စည်းနိုင်ရေးဟူသော အချက်များ ဆက်လက်ကြိုးစား လုပ်ဆောင်သင့်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ ကြရပါသည်။

သို့ပါ၍ မြန်မာ့ပဲမျိုးစုံ ပြည်ပသို့ တိုးတက်တင်ပို့ နိုင်ရေးအတွက် ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးရုံအဆင့်ဖြင့် ရပ်တည်မနေသင့်ဘဲ မြန်မာ့ပဲမျိုးစုံ တိုးတက်တင်ပို့နိုင်ရေးအတွက် ပေါ်ထွက်လာသော လုပ်ဆောင်ရန်ကိစ္စများကို ဘက်စုံ၊ ကဏ္ဍစုံမှ အလေးထား၊ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တစ်မျိုးသားလုံး အကျိုးအတွက် တိုက်တွန်းရေးသားအပ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးသောဘိတ တရားတော်– –သောတပန်စိတ်ထားအင်္ဂါ(၇)ပါး**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲယှဉ်တွဲ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - (ဒုတိယနှစ်စီးပွားရေး) - Index Numbers**
- ၅:၃၅ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၁၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း– "ရင်မှာတိုးဖော့မွေးနေဆဲ" (အပိုင်း–၁၅)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **English Premier League ဘောလုံးပွဲ - Man U Vs Fulham**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မတ် ၁၈

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်ကြည်ညို

ယင်းအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ အကျိုးတော်ဆောင် ဆရာတော်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၊ အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက ဆောင်ရွက်တော်မူသည်။

ဝေဖန်ဆွေးနွေး

ထို့နောက် ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍသိရီကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မကွေးတိုင်း မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အကြံပြုတင်ပြလာသော ကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေး အစီအစဉ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂါရဝက တင်ပြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၏ အတည်ပြုချက်ကို ရယူကာ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆွေးနွေးဆုံးဖြတ်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခဝါဆိုကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာက ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် ပုံလွှနံတော်မူသွားကြသော နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ရန်ကိစ္စနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်နှင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

အတည်ပြုချက်ရယူ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဋ္ဌမအကြိမ် (၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)၊ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၅ရက် (တနင်္ဂနွေနေ့)မှ ယနေ့အထိ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက ပြန်လည်ရှင်းလင်း လျှောက်ထား၍ အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် ပဋ္ဌမအကြိမ် ဇကာဒသမ (လေးလပတ်)နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြကာ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက "ဇယန္တော ဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆို၍ ပဋ္ဌမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်းအမှတ် (၁၃/အေ)နေ ဦးဝင်းနိုင်-ဒေါ်စန်းစန်းနိုင်တို့က အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှိုင်မြို့နယ် ကန်ရိပ်မွန်အိမ်ရာ အမှတ်(စီ/၄၀)နေ (ဦးစံသာကျော်)-ဒေါ်ခင်လေးချစ်မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့အတူ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များကို လှူဒါန်းကြရာ မတ် ၁၄ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရအား အမှူးထား၍ ဒေါ်ခင်ကြည်အေးအား ရည်စူးပြီး ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အာတီးယားလမ်းနေ ဦးကြိုင်မိသားစုက နေ့ဆွမ်းကိုလည်းကောင်း၊ မတ် ၁၅ရက်တွင် ဒေါ်အေးအားအမှူးထား၍ ဗိုလ်ကြီး ကျော်ဇော-ဒေါ်ဝင်းဝင်းငွေ မိသားစုက အရုဏ်ဆွမ်းကိုလည်းကောင်း၊ တာမွေမြို့နယ် (၁၄၁)လမ်း အမှတ်(၆၅)နေ ဦးအေးတင်-ဒေါ်ကြူကြူ မိသားစု (ဟသ်ာမင်းစာအုပ်ချုပ်လုပ်ငန်း)က နေ့ဆွမ်းကိုလည်းကောင်း၊ မတ် ၁၆ရက်တွင် တာမွေမြို့နယ် (၁၄၈)လမ်း အမှတ်(၁၅)နေ ဦးတင်မိုး-ဒေါ်အေးရှင်၊ ဦးစိန်ဝမ်း-ဒေါ်မဥ္စူထွန်း၊ ဦးအောင်နိုင်ထွန်း(ခ) အောင်အောင်-မစိုးစိုးအေးတို့က တစ်နေ့တာ ဆွမ်းအလှူကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ တေရသမ အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ကြည်ညိုစဉ်။ (သတင်းစဉ်)

ရွှေထီးဆောင်းဆရာတော် ဦးဆောင်သော သွေးလှူရှင်အဖွဲ့ (၅၁)ကြိမ်မြောက် သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်မှ (၈၆)ကြိမ် သွေးလှူရှင် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရ (လူမှုထူးချွန် ပထမဆင့်) ဦးဆောင်သော သွေးလှူရှင်အဖွဲ့၏ (၅၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရက သွေးလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ဓာတ်ခွဲပညာ) ဒေါက်တာ တင်ညွှန့်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားကာ အမျိုးသား သွေးဌာနမှ ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သွေးလှူရှင်အဖွဲ့အတွက် အလှူငွေကျပ် ၃၀၀၀၀ကို ဆရာတော်ထံ ဆက်ကပ်သည်။

ထို့နောက် ရွှေထီးဆောင်း ဆရာတော်၊ ညွှန်ကြားရေးမှူး(ဓာတ်ခွဲပညာ) ဒေါက်တာ တင်ညွှန့်နှင့် အမျိုးသားသွေးဌာန တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ သီတာအောင်တို့က ထီးဆောင်း ကျေးရွာသူ၊ ကျေးရွာသား ၅၀တို့၏ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ရွှေထီးဆောင်း ဆရာတော် အရှင်အာဒိစ္စာ လင်္ကာရ (လူမှုထူးချွန်ပထမဆင့်) ဦးဆောင်သော သွေးလှူရှင်အဖွဲ့၏ (၅၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာန၌ ကျင်းပရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သစ္စာဒီပက တရားစခန်းပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်သက်နှစ်ခုနစ်ရက်တရားစခန်းပွဲကို မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားပြရိပ်သာတွင် ဧပြီ ၁၀ရက်မှ ၁၇ရက်အထိ ဓမ္မကထိက ဆရာကြီး(ဦးကြည်)၏ ဥပနိဿယအတိုင်း ဓမ္မကထိက ဦးခင်မောင်ရီဦးဆောင်၍ ဟောပြောပြသကြမည်ဖြစ်သည်။ ဆွမ်းကွမ်းဝေယျာဝစ္စနှင့် ရိပ်သာအဆောက်အအုံအတွက် လှူဒါန်းလိုပါက သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် နာယကဦးသန်းမြင့် ဖုန်း-၆၆၀၀၀၆နှင့် ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၂၄၇၀၂၇တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ယောဂီဦးရေကန့်သတ်ထားပါသဖြင့် စာရင်းကြိုတင်ပေးသွင်းကြပါရန် နိုးဆော်ထားသည်။ (က-ပ)

စက်ပစ္စည်းအမယ်သစ် (အမည်သစ်)များကို မည်ကဲ့သို့တိုးချဲ့ထုတ်လုပ်မည်၊ အမယ်ဟောင်
မည်သည့်အစိတ်အပိုင်းကို ပြုပြင်သွားပြီး မည်သည့်စက်ပစ္စည်းအပိုင်းကို ထပ်ထ

➪ ကျောဖုံးမှ

ရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၂၀၀၃ ခုနှစ် ဇွန်လတွင် အင်းတကော်စက်မှုနယ်မြေသို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားခဲ့မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ပဏာမရှင်းလင်းတင်ပြပြီး အင်းတကော်စက်မှုနယ်မြေ၌ သံဘီးခွေစက်ရုံ (Disc Wheel Plant)၊ ရေဒီယေတာစက်ရုံ(Radiator Plant)၊ သတ္တုဘယ်ယာရင်စက်ရုံ(Metal Bearing Plant)၊ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၊ အင်လက်နှင့်အိပ်ဇောဘားစက်ရုံ (Inlet & Exhaust Valve Plant)၊ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံ(Ball Bearing Plant) နှင့် အလူမီနီယမ်ဝါယာကြိုးစက်ရုံ(ACSR - Aluminium Conductor Steel Plant)တို့ တည်ဆောက်ပြီးစီးပြီးအခြေအနေ၊ ဝန်ထမ်းအင်အား၊ စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုစွမ်းအားတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးက တည်ဆောက်နေဆဲ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံ၊ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံတို့၏ တည်ဆောက်မှုအခြေအနေ၊ ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန လက်အောက်၌ စက်ရုံ ၁၉ရုံ တိုးချဲ့ထူထောင်နိုင်ခဲ့မှု၊ အကြီးစားမော်တော်ယာဉ်၊ ဂျစ်ကား၊ လယ်ထွန်စက်၊ နောက်တွဲယာဉ်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ စက်ကိရိယာအမျိုးမျိုး၊ တာယာအမျိုးမျိုးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို နှစ်အလိုက်တိုးချဲ့ထုတ်လုပ်နိုင်မှု၊ အင်းတကော်စက်မှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်၊ စားပင်၊ သီးပင်များ စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်၏ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)၌ စက်မှုကဏ္ဍပါဝင်မှုအချိုးအစား ပိုမိုမြင့်မားလာစေချင်၍ ယခုကဲ့သို့ ခေတ်မီစက်ရုံအလုပ်ရုံများကို မိမိတို့ ရင်းနှီးမြှုပ်နှံထူထောင်နေခြင်းဖြစ်ကြောင်း။

စက်ပစ္စည်းများကိုထုတ်လုပ်ရာ၌ မိမိတို့၏လိုအပ်ချက်နှင့် နိုင်ငံတော်တစ်ရပ်လုံး၏လိုအပ်ချက်များကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် လေ့လာဆန်းစစ်တွက်ချက်ပြီး မည်ကဲ့သို့စက်ပစ္စည်းအမယ်သစ် (အမည်သစ်)များကို မည်ကဲ့သို့ တိုးချဲ့ထုတ်လုပ်မည်၊ အမယ်ဟောင်းများကိုလည်း အရည်အသွေးပိုမိုကောင်းမွန်အောင် မည်သည့်အစိတ်အပိုင်းကို ပြုပြင်သွားပြီး မည်သည့်စက်ပစ္စည်းအပိုင်းကို ထပ်ထည့်မည်တို့ကို အသေးစိတ်စီမံချက်ချ လုပ်ကိုင်သွားကြရန်လိုကြောင်း၊ သို့မှသာ စက်ပစ္စည်းအမယ်သစ်များရော အမယ်ဟောင်းများကိုပါ အရည်အသွေးအဆင့်အတန်းရှိရှိ လိုအပ်သည့်အရေအတွက်အတိုင်း ထုတ်လုပ်သွားနိုင်မှာဖြစ်ကြောင်း။

သုတေသနပြု

မိမိတို့ထုတ်လုပ်လိုက်သော စက်ပစ္စည်းများကို ပုံသဏ္ဌာန်အရရော၊ အရည်အသွေးအရပါ အမြဲတိုးတက်ကောင်းမွန်နေရန်မှာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (Research and Development) ရှိနေရန် အထူးလိုအပ်ကြောင်း၊ သုံးစွဲသူများ၏စိတ်ကြိုက်ဖြစ်အောင်၊ အသုံးတည့်နေအောင် သုတေသနပြုရမှာဖြစ်ကြောင်း၊ သုံးစွဲသူများထံမှလည်း ဝေဖန်အကြံပြုချက်များ ရရှိအောင်စီစဉ်ပြီး မိမိတို့၏ အားနည်းချက်များကို ထိထိရောက်ရောက်ပြုပြင်သွားနိုင်မှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်မှာဖြစ်ကြောင်း။

ထို့ပြင် ဌာနတစ်ခုနှင့်တစ်ခု လုပ်ငန်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု၊ ပစ္စည်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုတို့ကိုလည်း အချိတ်အဆက်မိမိ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အစိုးရဌာနများ၌ ဌာနအလိုက် ခေတ်မီစက်ကိရိယာပစ္စည်းများတပ်ဆင်ထားသည့် စက်ရုံအလုပ်ရုံများရှိနေကြရာ စက်ရုံအလုပ်ရုံအချင်းချင်း အပြန်အလှန် အသိအမြင်ဖလှယ်ပြီး အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်နေရန် အရေးကြီးကြောင်း၊ ထို့အတူ ပုဂ္ဂလိကစက်မှုကဏ္ဍအပိုင်းနှင့်လည်း လိုအပ်သောညှိနှိုင်းဆက်စပ်မှုများ ရှိနေရန်လိုအပ်ကြောင်း၊ သို့မှသာ စက်ရုံအလိုက်၊ လုပ်ငန်းအလိုက် ကျွမ်းကျင်ပိုင်နိုင်သော စက်ပစ္စည်းများကို အပြန်အလှန်အထောက်အကူပြု ထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြသရှင်းလင်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အင်းတကော်စက်မှုနယ်မြေ သုတေသနနှင့် ဖွံ့ဖြိုးမှုဌာနရှိ ကွန်ပျူတာများ အသုံးပြု၍ ကုန်ပစ္စည်းအမယ်သစ်များ(အမည်သစ်) တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကွန်ပျူတာသုံးစက်မှုပုံစံဒီဇိုင်းထုတ်လုပ်ခြင်းနှင့် ကွန်ပျူတာဖြင့်အလိုအလျောက် စက်ခုတ်စားမှု ပြသသည့် ကွန်ပျူတာခန်း (CAD & CAM Computer Room) ကို လည်းကောင်း၊ သတ္တုအနုစိတ် တည်ဆောက်မှုစမ်းသပ်ခန်း (Metallographic Microstructure Testing Room)၌ ပြသထားသည့် သတ္တုအနုစိတ်တည်ဆောက်မှု စမ်းသပ်ကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက ထုတ်လုပ်သည့် မော်တော်ယာဉ်သုံးနှင့် လယ်ထွန်စက်ကြီးသုံး တာယာများ၊ မော်တော်ဆိုင်ကယ်နှင့်စက်ဘီးတာယာများနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနပိုင် ရော်ဘာခြံများမှထွက်ရှိသည့် ရော်ဘာပစ္စည်းအမျိုးအစားများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အင်ဂျင်စမ်းသပ်ခန်း(Engine Testing Room)နှင့် Machanical & Physical Properties Room တို့တွင် တပ်ဆင်ထားသည့် စက်မှုနည်းပညာဆိုင်ရာစက်ပစ္စည်းကိရိယာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနပြင်ပ၌ ခင်းကျင်းပြသထားသည့် မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက တီထွင်ထုတ်လုပ်သော ဘက်ထရီအားသုံး ကောက်ရိတ်စက်တို့ကို လည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းက ဒီဇိုင်းသစ်ဖြင့် တီထွင် ထုတ်လုပ်ပြသထားသည့်(X-2000)အမျိုးအစား သဘာဝဓာတ်ငွေ့သုံး မာဇဒါဂျစ်နှင့် ဓာတ်ဆီသုံးပုံစံသစ် မာဇဒါဂျစ်(CNG Vehicle & Pertol Vehicle)တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဘောဘယ်ယာရင်အလုပ်ရုံသို့ သွားရောက်ကြပြီး စက်ရုံက ထုတ်လုပ်ထားသည့် ဘောဘယ်ယာရင်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဘောဘယ်ယာရင် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို စက်ရုံအတွင်း အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလူမီနီယမ်ဝါယာကြိုး ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားလိုင်းများ၌ အသုံးပြုသည့် အလူမီနီယမ်ဝါယာကြိုးဆိုဒ် အမျိုးမျိုးထုတ်လုပ်နေမှုကိုလည်းကောင်း၊ အလူမီနီယမ်ဝါယာကြိုးများ ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်နှင့် စက်ရုံသုံးကုန်ကြမ်းများသိုလှောင်ထားမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ရှင်းလင်းဆောင်၌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ထပ်မံမှာကြား

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ လျှပ်စစ်မော်တာ ထုတ်လုပ်မှုစက်ရုံစီမံကိန်းသို့ သွားရောက်၍ စက်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ စက်ရုံတွင် တပ်ဆင်ထုတ်လုပ်မည့် လျှပ်စစ်မော်တာစက်ပစ္စည်းအစိတ်အပိုင်းများ ရောက်ရှိမှုနှင့် စက်အရန်ပစ္စည်းများ ပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား ထပ်မံမှာကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေမှ ရန်ကုန်မြို့သို့မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အမျိုးသားညီ
အလှည့်ကျသ

အမျိုးသားညီလာခံကျင်းပရေး လုပ်
ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း

မြို့တော်အဆင့်မြင့်ရေး အရှိန်မြှင့်ဆောင်ရွက်မှုလုပ်ငန်းများ
မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် 　 မတ် 　 ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်အဆင့်မြင့်ရေး၊ လမ်းများကောင်းမွန်စေရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ရှေးဦးစွာ မြို့တော်ဝန်သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဒေါပုံကျောက်ခွဲစက်နှင့် နိုင်လွန်ကွန်ကရစ်ကတ္တရာဖျော်စက်ဝင်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း လမ်းများအဆင့်မြင့်ခင်းကျင်းနိုင်ရန် လိုအပ်သည့် လိပ်သဲကျောက်များ၊ စက်ယန္တရားကြီးများဖြင့် ကြိတ်ခွဲနေမှု၊ စုဆောင်းထားရှိမှု၊ ကတ္တရာပုံးများ ရောက်ရှိသိုလှောင်ထားရှိမှုနှင့် နိုင်လွန်ကွန်ကရစ်ကတ္တရာများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုရာအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက လိုအပ်သည့်ကျောက်များ၊ နိုင်လွန်ကတ္တရာများ နေ့စဉ်ထုတ်လုပ်ပြီး အသုံးပြုလျက်ရှိသည့် လုပ်ငန်းခွင်များသို့ ပို့ဆောင်ပေးနေမှု၊ အသုံးပြု စက်ယန္တရားကြီးများ၏ ကျွံခိုင်မှုအခြေအနေနှင့် ပြုပြင်ရန် လိုအပ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်က ပွင့်လင်းရာသီအတွင်း လုပ်ဆောင်ရန် သတ်မှတ်ထားသည့်လုပ်ငန်းများ အချိန်မီပြီးစီးအောင် လုပ်ဆောင်ရေး၊ စက်စွမ်းအား အပြည့်အဝအသုံးချနိုင်ရန် စက်များ၏ကျွံခိုင်မှုကို စဉ်ဆက်မပြတ်စစ်ဆေးရေး၊ လေလွင့်မှုမရှိစေရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူ အဆင့်ဆင့်က အထူးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

စံချိန်စံညွှန်းပြည့်မီ

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာမွေမြို့နယ် ဗညားဒလလမ်း၊ စက်ရုံလမ်းမှ ကျိုက္ကဆံလမ်းအကြား ခြောက်လမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းခြင်း လုပ်ငန်းအစိတ်အပိုင်းဖြစ်သည့် ဗညားဒလလမ်း အနောက်ဘက်ခြမ်း ယုဇနပလာဇာအနီးသုံးလမ်းသွား နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှုအခြေအနေနှင့် အလုံမြို့နယ် ကွင်းကျောင်းလမ်းအနီး ကမ်းနားလမ်းမကြီး ခြောက်လမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး

လုပ်မည့်၊ အမယ်ဟောင်းများကိုလည်း အရည်အသွေးပိုမိုကောင်းမွန်အောင် ည်းအပိုင်းကို ထပ်ထည့်မည်တို့ကို အသေးစိတ် စီမံချက်ချလုပ်ကိုင်

ခေတ်အမြင်ဖလှယ် ပေါင်းစပ်ညှိနှိုင်း

❋ သုံးစွဲသူများ၏ စိတ်ကြိုက်ဖြစ်အောင်၊ အသုံးတည့်နေအောင် သုတေသနပြု၊

❋ အစိုးရဌာနများ၌ ဌာနအလိုက် ခေတ်မီစက်ကိရိယာပစ္စည်းများ တပ်ဆင်ထားသည့် စက်ရုံအလုပ်ရုံများရှိ၊

❋ စက်ရုံအလုပ်ရုံ အချင်းချင်း အပြန်အလှန် အသိအမြင်ဖလှယ်ပြီး အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း၊

❋ ပုဂ္ဂလိကစက်မှုကဏ္ဍအပိုင်းနှင့်လည်း လိုအပ်သော ညှိနှိုင်းဆက်စပ်မှုများ ရှိနေရန်လို၊

❋ သို့မှသာ စက်ရုံအလိုက်၊ လုပ်ငန်းအလိုက် ကျွမ်းကျင်ပိုင်နိုင်သော စက်ပစ္စည်းများကို အပြန်အလှန် အထောက်အကူပြု ထုတ်လုပ်ပေးနိုင်မှာဖြစ်၊

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အလုပ်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၈

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ လုပ်ငန်းကော်မတီဝင်များနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သဘာပတိ

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

အမှာစကား ပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ဆင့်က အထူးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

စံချိန်စံညွှန်းပြည့်မီ

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာမွေမြို့နယ် ဗညားဒလလမ်း၊ စက်ရုံလမ်းမှ ကျိုက္ကဆံလမ်းအကြား ခြောက်လမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းခြင်း လုပ်ငန်းအစိတ်အပိုင်းဖြစ်သည့် ဗညားဒလလမ်း အနောက်ဘက်ခြမ်း ယုဇနပလာဇာအနီး သုံးလမ်းသွား နိုင်လွန်ကတ္တရာခင်းကျင်းနေမှုအခြေအနေနှင့် အလုံမြို့နယ် ကွင်းကျောင်းလမ်းအနီး ကမ်းနားလမ်းမကြီး ခြောက်လမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ သွက်လက်လျင်မြန်စွာ ဆောင်ရွက်ရေး၊ စနစ်တကျ ရှိစေရေးနှင့် အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစေရန် အထူးဂရုပြုဆောင်ရွက်ရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းစေရေး မှာကြားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ နဂါးရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂:၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းမေတ္တာ"(အပိုင်း-၂၀)**
၁:၂၀ ၇။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီ တံတား (ဒေးဒရဲ)
၁:၃၀ ၈။ **"သေးလှူစကား နားထောင်ကြားက" [ကျော်သူ၊ပြည်ခန့်၊စုံမက်နှင်း၊ မေသူ၊ ဇောနိုင်(ရှမ်းပြည်)] (ဒါရိုက်တာ-သက်တင်)**
၂:၁၀ ၉။ ဆွေးနွေးဖွေရှာ ကွန်ပျူတာနည်းပညာ (အပိုင်း-၁)
၂:၂၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၃၅ ၁၁။ ကံတင်ဘီးလင်းရေလှောင်တမံ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄-ခုနှစ်)
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ နားဝင်ပီယံ သူ့လက်သံ
၅:၃၅ ၈။ တေးဂီတအစီအစဉ်
၅:၅၀ ၉။ **"စက်မှုတပ်ဆင် လုပ်ငန်းတွင်" (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မိုးမိုးမြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၅:၅၅ ၁၀။ ချစ်စရာ့အရွယ် ကစားကြမယ်
၆:၂၀ ၁၁။ တေးဂီတအစီအစဉ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery.
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၇)**
၇:၃၀ ၁၆။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၀ ၁၇။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၇:၅၀ ၁၈။ တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံး အကျိုးစီးပွားကိုဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၂၇)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ပြည်သူများခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေး CNG မော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ပေးနေ လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး တာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်များ ညှိနှိုင်းဆောင်ရွက်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တွင်းနှင့် အနယ်နယ် အရပ်ရပ်သို့ နေ့စဉ်ခရီးသွားလာလျက်ရှိသည့် ပြည်သူများနှင့် ရန်ကုန်မြို့တွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေး အတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး အောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် ကြပ်မတ်၊ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိ သည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြပ်မတ်ဆောင်ရွက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့အနေဖြင့် ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် လွယ်ကူလုံခြုံစွာ သွားလာနိုင်ကြစေရေး အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မော်တော်ယာဉ်များကို သတ်မှတ်ခေါက်ရေပြည့်မီအောင် ပြေးဆွဲကြစေရေးနှင့် ကြားကာများ ပြေးဆွဲမှုမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်ကပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ဈေးနှုန်းကြီးမြင့်သော ဒီဇယ်ဆီနှင့် ဓာတ်ဆီအစား CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ယာဉ်လိုင်းများအလိုက် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်များ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(ရကတ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၈

နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ် ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်း ပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိစစ်သမိုင်းပြတိုက်နှင့်တပ်မတော် မော်ကွန်းတိုက်မှူးရုံး၌ နဝမနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာ ဉာဏ်စမ်း ပြိုင်ပွဲဝင် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ် ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေး ဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး အောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြိုင်ပွဲကို ကျင်းပရာ လသာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အလုံမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ဦးစီ စုစုပေါင်း အသင်းဝင် ၇၅ဦးတို့ ပြိုင်ပွဲဝင်ကြသည်။

အဆိုပါပြိုင်ပွဲကို မတ် ၁၉ရက်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာများမှ ဘွဲ့ခံသံဃာတော်များ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)၊ (၂/၂၀၀၅)တို့ဖြင့် ဇန်နဝါရီ ၄ရက်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော မဟာစည်သာသနာ့ရိပ်သာများမှ သံဃာတော် အရှင်သူမြတ် ၁၅ပါးနှင့် သာသနာ့ဒါယကာ၊ ဒါယိကာမလေးဦးတို့အား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့က စုပေါင်း၍ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းအမှတ်(၁၆)ရှိ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကြွရောက်ကြည်ညိုပူဇော်နိုင်သည်။ (သတင်းစဉ်)

ရှေးပါးသောဒေသကျေးရွာများ သောက်သုံးရေရရှိရေးဆောင်ရွက်

ဆိပ်ဖြူ မတ် ၉

ဆိပ်ဖြူမြို့နယ်တွင် သောက်သုံးရေရရှိရေးခက်ခဲသော ရွာသစ်ကုန်းကျေးရွာအုပ်စု စိုင်နီကျေးရွာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ မတ် ၈ရက်က စည်ပင်သာယာရေးဦးစီးဌာန မြေအောက်ရေရှာဖွေစူးစမ်းလေ့လာတိုင်းတာရေးအဖွဲ့မှ စိုင်နီကျေးရွာသို့ ကွင်းဆင်းလေ့လာဆောင်ရွက်လျက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိ ဦးထန်းနိုင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်တို့က ကူညီဆောင်ရွက်ပေးကြသည်။

(ပြန်/ဆက်)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မတ်၅ရက်မှ ၁၉ရက်အထိ ကျင်းပမည့် Miss ASEAN 2005 ပြိုင်ပွဲသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ ဗဟိုအလုပ်အမှုဆောင် ဦးမြတ်သင်းအောင်၊ ဦးမြင့်စိုးနှင့် ဦးမိုးကျော်တို့ ပါဝင်သောအဖွဲ့သည် မတ် ၁၈ရက်မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (ကုန်သည်/စက်မှု)

မီးသုံးစွဲလျှင်
အသိယှဉ်
ဆင်ခြင်သတိ
အမြဲရှိ

ကျေးစူးရှင်မိဘများဖြစ်ကြသော ဦးမောင်ကြီး-ဒေါ်ညားနှင့် ခင်ပွန်း ဦးစုအိမ်တို့အားရည်စူး၍ ဒေါ်အမာ၊ သား ဦးစံလင်း-ဒေါ်ခင်သန်းဝင်း၊ မြေးမေဦးလင်းမိသားစုက ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ဟန် လက်ခံယူစဉ်။ (က-ပ)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကြွရောက်တော်မူရန် ဆရာတော်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မတ် ၁၈

ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဋ္ဌမအစည်းအဝေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူရန် ပြည်နယ်နှင့် တိုင်းများမှ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်များ၊ ဘွဲ့ခံဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်တို့သည် ယနေ့နံနက်ပိုင်းမှစတင်၍ လေကြောင်းခရီးဖြင့်လည်းကောင်း၊ မြန်မာ့မီးရထားဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြရာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ ညွှန်ကြားရေးမှူး ဦးခိုင်အောင်နှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဘူတာကြီးနှင့် အောင်မင်္ဂလာအဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်းတို့တွင် ကြိုဆိုဖူးမြော်ကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာ ချထားပေးကြသည်။

ယနေ့ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်များမှာ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်သုံးပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ၇၅ပါး၊ ဘွဲ့ခံဆရာတော် ၂၁ပါးနှင့် ဘွဲ့ခံသာသနာ့နွယ်ဝင် သီလရှင်တစ်ပါးတို့ဖြစ်သည်။

(သတင်းစဉ်)



ရွှေနိုင်ငံဂျာနယ် အတွဲ(၃) အမှတ်(၂၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်၊ ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၂၃) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဓါတ်ပုံ)**

အဆိုပါဂျာနယ်တွင် ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်ကွန်ပျူတာ၊ ကြည်လင်း(ဆေး)၊စိမ်းမြရည်(ပြန်/ဆက်)၊ လှိုင်မင်းအောင်(မကွေး)၊ ဦးလှမင်း(ဗဝက)၊ တက္ကသိုလ် နန်းဖြူဖြူထွန်း၊ သန်းသီရိညွန့်၊ ဝင်းနွယ်(သစ်တော)၊ သီပွဲစိုးမြင့်နိုင်၊ဓာတ်ပုံမောင်မောင်အေးတို့၏ ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။

(က-ပ)

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ပြင်ဆင်ဆောင်ရွက်မှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဒေါက်တာ မြင့်ကြည်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးကာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

သဲအင်းဂူ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၈

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ပိုင်း)နှင့် ဘဒ္ဒန္တဝေပုလ္လ (တွံတေး)အရှင်သူမြတ်နှစ်ပါးတို့က မတ် ၂၀ရက်မှ ၂၇ရက်အထိ ခုနစ်ရက် တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာ တရားတော်များဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ မတ် ၁၉ရက် (စနေနေ့) ညနေ ၅နာရီ အရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းပေးသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်မည်

ရန်ကုန် မတ် ၁၈

၁၃၆၆ခုနှစ် တပေါင်းလပြည့်နေ့၊ မတ် ၂၄ရက်တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်ကြမည့် ဘွဲ့ခံပုဂ္ဂိုလ်များအား မတ် ၂၂ရက် ညနေ ၃နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ဂုဏ်ပြုပွဲနှင့် အစမ်းလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သဖြင့် မတ် ၂၁ရက် (တနင်္လာနေ့)တွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ သတင်းပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းများဖွင့် အားကစားနည်း ၂၇မျိုးတွင် သင်တန်းသား ၅၅၂၇ဦးသင်ကြား

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သည့် ၂၀၀၅ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းများကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ အားကစားဝါသနာရှင်များ၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သင်တန်းသားများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေး၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားမှု ရရှိစေရေးတို့သည် အားကစားစိတ်ဓာတ်သည် အခြေခံအကျဆုံး ဖြစ်ကြောင်း၊ ယခုကဲ့သို့ နွေရာသီအခြေခံ အားကစားသင်တန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြမည်ဆိုလျှင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ရရှိနိုင်သကဲ့သို့ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ပညာထက်မြက်သော လူငယ်လူရွယ်များ ဖြစ်လာနိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုနိုင်မည့် လူကောင်း လူတော်များ တိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားကာ သင်တန်းများကို ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ သင်တန်းသားများ အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြပြီး မြန်မာ့ဆိုင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် ဝူရှူး အားကစားနည်းများဖြင့် သရုပ်ပြကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၅ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်းများ၌ အားကစားနည်း ၂၇မျိုးတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၅၂၇ဦးတို့ တက်ရောက်သင်ကြားကြပြီးအောင်ဆန်းကွင်း၊ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) လူငယ်အားကစားလေ့ကျင့်ရေးစခန်း၊ ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံနှင့် သက်ဆိုင်ရာ မြို့နယ်များရှိ အားကစားကွင်း၊အားကစားရုံများ၌ မတ် ၁၄ရက်မှ ဧပြီ ၈ရက်အထိ သင်ကြား လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မင်္ဂလာဒုံမြို့နယ် (၂/က) စံပြရပ်ကွက် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းက မောင်သုပိုင်စိုးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က-ပ)



စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၈

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ သျှင်ပညာဇောတ၊ လှထူး(မြိုင်)၊ ရည်မွန်အောင် (ပြည် တက္ကသိုလ်)၊ ဦးအောင်ကျော်ကျော်ဦး (ဘုတ်ပြင်း)၊ ဝါဝါစန်း(ပညာရေး)၊ သိန်းအောင်ဦး(ညောင်လေးပင်)၊ မောင်ကျန်းမာ (မကြီးကုန်းကြီး)၊ မောင်ကောင်းယဉ်၊ ခင်ဇော်(ဓာတ်ပုံ)၊ ဒေါက်တာခင်ဆွေဝင်း၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ မောင်အေးထွန်း(ရန်ခုန်သံ)၊ မရွှေချစ်(လယ်ကိုင်း)၊ ထက်ကောင်းလတ်(မင်းဘူး)၊ ကြည်လင်း(ဆေး)၊ အဝါ(ဓီးကုန်း)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ ဝင်းနွယ်(သစ်တော)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)တို့၏ ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများ၊ ညိုမင်းဟန်၊ အေးမော်(ဂုဏ်၊ဓာတ်ပုံ)တို့၏ ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ ဗေဒင်၊ စိုက်ပျိုးရေးမွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)



ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၁၈

ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြရုံ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲတွင် အသင်းလိုက် ပထမ တံခွန်စိုက်ဒိုင်းဆုကို ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းကရရှိပြီး ဗိုလ်လုပွဲပွဲစဉ်များအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်၍ ၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ရေတပ်လေ့ကျင့်ရေးဌာနချုပ် အသင်းကို ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသားအားလုံး ပညာဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးသည် ပဓာနအကျဆုံး အမျိုးသားရေး လိုအပ်ချက်ဖြစ် ကျောင်းဆောင်များနှင့် စာသင်ခန်းများဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ မြစ်ငယ်ရပ်အခြေခံပညာ မူလတန်းကျောင်း ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ပြီး ကျောင်းဆောင်များနှင့် ပညာရည် မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၈

တနင်္သာရီတိုင်း မြိတ်မြို့ မြစ်ငယ်ရပ်အခြေခံပညာမူလတန်းကျောင်း ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ပြီး ကျောင်းဆောင်များနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ **အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၇ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်ငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြိတ်မြို့ မြစ်ငယ်ရပ် အခြေခံပညာမူလတန်းကျောင်း ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ပြီး ကျောင်းဆောင်များနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲကို ကျောင်းအုပ်ကြီး ဦးတင်ဟုန်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှသန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်က ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်သည့် Video System၊ Computer Room၊ Language Lab၊ Reading Corner & Internet Room စာသင်ခန်းများ၌ ခေတ်မီ သင်ထောက်ကူ ပစ္စည်းများဖြင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ သင်ယူနေမှုနှင့်ကျွမ်းကျင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးတင်ဟုန်က စာသင်ခန်းအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်ခဲ့မှု အစီအစဉ်များနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှသန်းက ကျောင်းဆောင်များ ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်နိုင်ရန်နှင့် ပညာရည် မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်ရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့အနေဖြင့် အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် လက်တွဲဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျောင်းဆောင်များ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခဲ့မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် ငွေကျပ် ၅၄၇ သိန်းကျော် ကျခံသုံးစွဲလှူဒါန်းသည့် စာရင်းဇယားများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှသန်းက ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘာဘာထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းအတွက် ပညာရေး ငွေပဒေသာပင် အလှူငွေကျပ် ၂၉၅၀၀၀၀ ကို အလှူရှင် ၁၉ ဦးကိုယ်စား ဦးစိုးအောင်နှင့် ဦးလှဝင်းတို့က ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြပြီး အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘာဘာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည် တိုးတက်မြင့်မားစေရေးသည် ပဓာနအကျဆုံး အမျိုးသားရေး လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးတွင် မြို့ကြီးပြကြီးများသာမက နယ်စပ်ဒေသ အစွန်အဖျား ကျေးလက်ဒေသများမှာပါ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာအောင် ပညာရေး စီမံကိန်းများ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

သင်ကြားပေး

ဤသို့ ကြိုးပမ်းနေခြင်းသည် မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသား၊ လူငယ်လူရွယ်များကို နိုင်ငံတော်က အားထားရသည့် သားကောင်း သမီးမွန်များ ဖြစ်လာစေရအောင် အခြေခံကောင်းများ၊ အရည်အသွေးကောင်းများ၊ အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများကို ဖြူစင်နုနယ်သည့် နုလုံးအိမ်ထဲတွင် တစ်သက်တာလုံးအတွက် စွဲမြဲခံယူသွားစေရန် လေ့ကျင့် သင်ကြားပေးနေခြင်း ဖြစ်ကြောင်း။

ထည်ဝါဝင့်ကြွား

ယနေ့အချိန်အခါကဲ့သို့ ပညာရေးက အရာရာကို ပိုင်းဖြတ်ပေးနေသော ပညာခေတ်ကြီးတွင် အရည်အသွေး မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ခေတ်နှင့်အညီ ပေါ်ထွန်းလာစေမည့် အမျိုးသားရေး အခြေခံ အဆောက်အအုံများ တည်ဆောက်ကြိုးပမ်းနေကြရပါကြောင်း။

တင်ပြချက်အရ မြစ်ငယ်ရပ် အမကသည့် ကျောင်းမြေနေရာက ခပ်ကျဉ်းကျဉ်း၊ ကျောင်းသားဦးရေကများ၊ ကျောင်းဆောင်များကလည်း ဟောင်းနွမ်းပျက်စီး ယိုယွင်းနေသည့် အခြေအနေမျိုးမှ တိုင်းမှူး၏ အားပေးကူညီမှု၊ ကျောင်းအကျိုးတော်ဆောင်များနှင့် အလှူရှင်များက စေတနာရှေ့ထားပြီး ဝိုင်းဝန်းထောက်ပံ့ လှူဒါန်းမှုဖြင့် ယခုကဲ့သို့ ထည်ဝါဝင့်ကြွား ခံ့ညားသော ကျောင်းတစ်ကျောင်း ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရှိရပါကြောင်း။

တင်စားဂုဏ်ပြု

မြစ်ငယ်ရပ် အခြေခံပညာမူလတန်းကျောင်းသည် ဒေသ၏ 'စံ'အဖြစ် တွေ့ရကြောင်း၊ စာသင်ဆောင်များ၊ ပရိဘောဂများနှင့် ခံ့ညားထည်ဝါစွာ ဖြစ်ထွန်းလာခဲ့ခြင်း၊ မူလတန်းကျောင်း ဖြစ်သော်လည်း Mediaခန်းများ စနစ်တကျ တပ်ဆင်သင်ကြားလျက်ရှိခြင်း၊ Internetကို ချိတ်ဆက်ထားသည့် ကျောင်းအဖြစ် တွေ့ရှိရခြင်းတို့သည် အလွန်အားရ ဂုဏ်ယူစရာဖြစ်ကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသည့် Utopia Primary School ဖြစ်သည်ဟု တင်စားဂုဏ်ပြု ပြောကြားလိုက်ကြောင်း။

ဤသို့ ဖြစ်တည်ပေါ်ထွန်းလာသည်မှာ စီစဉ်ဆောင်ရွက်ကြသည့် ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင် မိဘစေတနာရှင်များ၏ စေတနာ၊ မွန်မြတ်သည့် အလှူဒါနများကြောင့်သာဖြစ်ကြောင်း၊ မိဘများ၏ စေတနာကို ဝမ်းမြောက်စွာ ဂုဏ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

စနစ်တကျ

မြစ်ငယ်ရပ် အခြေခံပညာမူလတန်းကျောင်းတွင် ဖြစ်ထွန်းပေါ်ပေါက်လာသော ဘက်စုံပြုပြင်မွမ်းမံပြီး ကျောင်းဆောင်များ၊ ပညာရည် မြင့်မားရေး သင်ကြားမှု အထောက်အကူပြု စာသင်ခန်းများကြောင့် ပညာရည် မြင့်မားသည့် သားကောင်း သမီးမွန်များကို စနစ်တကျ မွေးထုတ်ပေးနိုင်တော့မည် ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍ၏ မျှော်မှန်းချက်များနှင့်အညီ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ် ပညာရှင်များ ပေါ်ထွန်းလာအောင် အခုလိုပင် ဆရာ၊ မိဘ၊ ကျောင်းသား ခိုင်မြဲစွာ လက်တွဲပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ISUZU

ရန်ကုန် မတ် ၁၈

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ISUZU MOTOR LTD က အဓိက ပံ့ပိုးကူညီသည့် ၂၀၀၅ ခုနှစ် (၂၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံးကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်း ကစားအပြီးတွင် အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲ၌ ရန်ကုန်တိုင်းက TOTAL GROSS ၆၈၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ပဲခူးတိုင်းက TOTAL GROSS ၇၀၆ ချက်ဖြင့် ဒုတိယလိုက်ပြီး စစ်ကိုင်းတိုင်းက TOTAL GROSS ၇၀၉ ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲ၌ နိုင်နိုင်လင်း (ရန်ကုန်တိုင်း)က (၇၀+၇၄+၇၆) TOTAL GROSS ၂၂၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး နေဗလဝင်းမြင့် (ရန်ကုန်တိုင်း)က (၇၇+၇၉+၇၃) TOTAL GROSS ၂၂၉ချက်ဖြင့် ဒုတိယလိုက်ကာ သန့်နိုင်ဦး(စစ်ကိုင်းတိုင်း)က (၇၆+၇၇+၇၆) TOTAL GROSS ၂၂၉ ချက်ဖြင့် တတိယလိုက်နေသည်။

အသင်းလိုက်အကျော့ပေး ပြိုင်ပွဲ၌ ပဲခူးတိုင်းက TOTAL NETT ၆၂၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)က TOTAL NETT ၆၂၈ ချက်ဖြင့် ဒုတိယလိုက်ကာ ရန်ကုန်တိုင်းက TOTAL NETT ၆၃၃ ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်းအကျော့ပေး ပြိုင်ပွဲ၌ နေဗလဝင်းမြင့်(ရန်ကုန်တိုင်း)က (၆၅+၇၂+၆၆) TOTAL NETT ၂၀၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ထွန်းထွန်းဦး (ရခိုင်ပြည်နယ်)က (၆၇+၇၁+၆၇) TOTAL NETT ၂၀၅ ချက်ဖြင့် ဒုတိယလိုက်ကာ Kar Let(ကယားပြည်နယ်)က (၇၂+၆၈+၆၇) TOTAL NETT ၂၀၇ ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် (ORGANIZED BY HAN EVENT MANAGEMENT)က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၁၈ ရက် နံနက် ၇ နာရီခွဲတွင် စတုတ္ထနေ့ ၁၈ ကျင်း ပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ် (၁) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာ အသင်း၊ အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၅ ရက်က ကျင်းပရာ ပထမတန်းတွင် ဘက်စုံထူးချွန် ဒုတိယဆုရရှိသော မောင်ဟိန်းထက်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ကြူ ဆုချီးမြှင့်စဉ်။ (၆၃)

မတ် ၁၅ ရက်က ဒဂုံဆိပ်ကမ်းစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ဒဂုံဆိပ်ကမ်းစက်မှုမြို့ မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာ အောင်ကျော်မြင့် သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ဖြူးမဟာစည်ရိပ်သာ တရားစခန်းကျင်းပမည်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ဘူတာရုံလမ်း အမှတ်(၅)ရပ်ကွက် အေးရိပ်မွန် အပိုင်း(၁) ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တနရပတိ (သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ) ဖြူးဆရာတော်ကြီးဦးစီး၍ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တအဂ္ဂဝရနှင့်ဓမ္မကထိကအရှင်သူမြတ်များက ဧပြီ ၄ ရက်မှ ၁၈ရက်အထိ ဝိပဿနာတရားတော်များကို ဟောကြားပြသချီးမြှင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ ဖုန်း-၆၈၂၇၁၁၊ ၅၀၁၈၄၆(လိုင်းခွဲ-၁၈၁)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဓမ္မသဘင်တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်တောင်ပိုင်း၌ အကြိမ်(၂၀)မြောက် ဓမ္မသဘင်အထူးတရားပွဲများကို မတ်၂၅ ရက်မှ ဧပြီ ၆ ရက်အထိ ညစဉ် ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ အရှင်ဇဝန(ရွှေပြည်သာ)၊ ဓမ္မဒူတအရှင်ဆေကိန္ဒ၊ အရှင်ဂါရဝါဘိဝံသ၊ ဒေါက်တာစန္ဒာဝရာဘိဝံသ၊ ဘဒ္ဒန္တအဂ္ဂသာရ၊ အရှင်ကုန္ဒက(တွံတေး)၊ ဘဒ္ဒန္တဝိနယစာရ၊ ဘဒ္ဒန္တကောသလ္လ၊ အရှင်အာစာရာလင်္ကာရ၊ ဘဒ္ဒန္တဇဋိလ၊ အရှင်ခေမာသီရိလင်္ကာရ၊ ဘဒ္ဒန္တဝိသုဒ္ဓရံသီနှင့် အရှင်ပညာနန္ဒတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟု သိရသည်။

(၅၃၂)

ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်အသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် မတ် ၁၈

မတ်၁၂ရက်မှ ၂၆ရက်အထိ ဘရူနိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော အသက်(၂၁)နှစ်အောက် Hassanal Bolkiah Trophy ဘရူနိုင်း ဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(ခ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(ခ)တတိယပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် လာအိုလူငယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-နှစ်ဂိုးဖြင့်ရှုံးနိမ့်သွားသည်။ ပြိုင်ပွဲ၌ ပထမပိုင်း၂၂မိနစ်တွင် မြန်မာအသင်းမှဆန်းဒေးသိန်းကပထမဂိုးကိုသွင်းယူပြီး ၂၆မိနစ်တွင် လာအိုအသင်းက ချေပဂိုးကိုသွင်းယူကာ ပထမပိုင်းတွင် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်နေသည်။

ဒုတိယပိုင်းပြန်လည်ကစားရာ ၁၂မိနစ်တွင် လာအိုအသင်းက ဒုတိယအနိုင်ဂိုးကိုသွင်းယူခဲ့သည်။

(သတင်းစဉ်)

မသန့်ရှင်းသောရေကြောင့် ဖြစ်ရသောရောဂါများ ကာကွယ်ရေး နှိုးဆော်ချက်

၁။ ပြည်သူလူထုအတွင်း၊ မသန့်ရှင်းသောရေကို သောက်သုံးမိခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်။

- **ကာလဝမ်းရောဂါ**
- **အသည်းရောင်အသားဝါရောဂါ**
- **အူရောင်ငန်းဖျားရောဂါ**
- **ပိုလီယိုအကြောသေရောဂါ**
- **ဝမ်းကိုက်ရောဂါ**
- **သန်ကောင်ရောဂါ**
- **အရေပြားရောဂါ**

၂။ အောက်ပါအပြုအမူတို့ကြောင့် သောက်သုံးရေကို ညစ်ညမ်းစေပါသည်။

- **အမှိုက်သရိုက်၊ မစင်များ စနစ်တကျ စွန့်ပစ်မှုမရှိခြင်း**
- **ရေပိုက်ပေါက်များဖြင့် ရေသွယ်ယူခြင်း**
- **ရေတွင်း၊ ရေကန်များအနီးတွင် အဝတ်လျှော်ခြင်း**
- **ရေခပ်ပုံး၊ အိုး၊ ကြိုးနှင့်ဘုံပိုင်ခေါင်းများအား စနစ်တကျ ကိုင်တွယ်သိမ်းဆည်းမှုမရှိခြင်း**
- **သောက်ရေအိုး၊ ရေစစ်၊ ရေခွက်၊ အဖုံး စသည်တို့ကို စနစ်တကျ သန့်ရှင်းစွာမထားရှိခြင်း**
- **သောက်သုံးရေကိုင်တွယ်သုံးစွဲသူ တစ်ကိုယ်ရေသန့်ရှင်းမှုညံ့ဖျင်းခြင်း ထို့အပြင် မိုးရာသီကာလတွင် ရေကြီးရေလျှံခြင်းများကြောင့် သောက်သုံးရေကန်များအတွင်းသို့ မသန့်ရှင်းသောရေများစီးဝင်ပြီး ရောဂါဖြစ်ပွားစေနိုင်ပါသည်။**

၃။ သို့ပါ၍ မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားသည့်ရောဂါများမှ ကာကွယ်ရန် ပြည်သူလူထုအားလုံးသည် အောက်ပါတို့ကို လိုက်နာကျင့်သုံးကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ-

(၁) တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ခြင်း
(အထူးသဖြင့် အိမ်သာမှအဆင်းနှင့် အစားအသောက်များ မကိုင်တွယ်မီ လက်နှစ်ဖက်ကိုစင်ကြယ်စွာဆေးကြောခြင်း)

(၂) ရေစစ်အိုးဖြင့် စစ်ယူခြင်း

(၃) ကျောက်ချဉ်အသုံးပြုခြင်း

(၄) ရေကိုကျိုချက်သောက်ခြင်း

ကျန်းမာရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကုလားပြင်ကျေးရွာမဟာဗောဓိဝိဟာရကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း

၁။ **ဘွဲ့တော်**	-	ဘဒ္ဒန္တ တေဇိန္ဒ
၂။ **ကျောင်းတိုက်**	-	မဟာဗောဓိဝိဟာရကျောင်းတိုက်
၃။ **အသက်၊သိက္ခာ၊ဂိုဏ်း**	-	သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၇)ဝါ၊သုဓမ္မာဂိုဏ်း
၄။ **မွေးသက္ကရာဇ်**	-	၁၂၇၀ပြည့်နှစ်၊ တပေါင်းလပြည့်၊ စနေနေ့
၅။ **ဇာတိရပ်ရွာနှင့်ခမည်းတော်၊ မယ်တော်တို့၏အမည်**	-	တိမ်ညိုရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်၊ ဦးရွှေဆန်း-ဒေါ်နီ

၆။ ရှင်ရဟန်းပြုခြင်း။ ။ အသက်(၁၂)နှစ်အရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရွာဦးကျောင်းဆရာတော် ဦးကေတုကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ၁၂၈၉ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့တွင် မိဘတို့၏ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၇။ စာပေသင်ယူခြင်း။ ။ ဆရာတော်သည် ရဟန်းတစ်ဝါအရတွင် ပခုက္ကူမြို့ အရှေ့တိုက်ဆရာတော် ဘဒ္ဒန္တဇဝန(အဂ္ဂမဟာပဏ္ဍိတ)ထံတွင်လည်းကောင်း၊ မန္တလေးမြို့ မိုးကောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတ(အဘိဓဇမဟာရဋ္ဌဂုရု) ထံတွင်လည်းကောင်း၊ မန္တလေးမြို့ ခင်မကန်တိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံတွင်လည်းကောင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောပရိယတ္တိစာပေများကို ဆရာနည်းကျကျ လေ့လာဆည်းပူးသင်ယူခဲ့ပါသည်။

၈။ သာသနာရေးဆောင်ရွက်ချက်များ။ ။ဆရာတော်သည် ပရိယတ္တိဂန္ထဓုရကို လေ့လာဆည်းပူးခဲ့ပြီး ဝိပဿနာဓုရကို လေ့လာပွားများအားထုတ်လိုသော သမ္မာဆန္ဒအာသီသပြင်းပြလာသဖြင့် မုံရွာမြို့ မဟာလယ်တီကျောင်းတွင် လယ်တီဆရာတော်ကြီး၏ အာနာပါန ဝိပဿနာရှုနည်းကို ပထမကျော်ဦးကောဝိဒပွားများအားထုတ်ခြင်း၊ ထိုကဲ့သို့ ဝိပဿနာဓုရ အာနာပါန ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ခဲ့ရာ ကမ္မဋ္ဌာန်းတရား၌သာ ပိုမိုစိတ်အားထက်သန်လာသည်နှင့်အမျှ စိတ်ဆန္ဒတွင်ဖြစ်ပေါ်လာသည်မှာ ယခုသီတင်းသုံးနေထိုင်ရာ မဟာလယ်တီတိုက်အတွင်း၌သာ အားမထုတ်လိုဘဲ ဆိတ်ငြိမ်ရာအရပ်တွင် တောရဆောက်တည်ပြီး ကမ္မဋ္ဌာန်းဘာဝနာကို ဓူတင်နှင့်တကွ ပွားများအားထုတ်လိုသော သမ္မာဆန္ဒဖြစ်ပေါ်လာခဲ့ပါသည်။

ထို့ကြောင့် ဆရာတော်သည် မိမိနှင့်သင့်လျော်လျောက်ပတ်မည့်အရပ်ဒေသကို လေ့လာသုံးသပ်ခဲ့ရာ မူလကပင်ဆက်သွယ်ရင်းရှိခဲ့သော ဂွမြို့နယ်တွင် ကျိန္တလီမြစ်ကူးတံတားမှ တစ်နေ့တာခရီးသွားရသော အရပ်ဒေသကို တောရဆောက်တည်ရန်ရည်ရွယ်ခဲ့ပေသည်။ ဂွမြို့နယ်သို့ ရဟန်း(၁၁)ဝါ၊ (၁၂)ဝါခန့်တွင် ပြန်လည်ကြွရောက်လာပြီး ဂွမြို့နယ်၊ ကြေချိုင်ကျေးရွာတွင် သီတင်းသုံးနေထိုင်ခဲ့ရာ ဝါတွင်းမှအပ ဆောင်းနှင့် နွေဥတုတို့တွင် ပတ်ဝန်းကျင်တောတောင်များ၌ ဝိပဿနာဓုရကိုဓူတင်လေးပါးနှင့်တကွပွားများအားထုတ်ခဲ့သည်။ ဓူတင်လေးပါးမှာ (၁)သပဒါနစာရိကဓူတင်၊ (၂)ဧကာသနိကဓူတင်၊ (၃)ပတ္တပိဏ္ဍိက ဓူတင်၊ (၄)ရုက္ခမူလိကဓူတင်တို့ ဖြစ်ပါသည်။ အရညဝါသီတောရဆောက်တည် သောဓူတင်သည် ဥက္ကဋ္ဌ၊ မဇ္ဈိမ မုဒုံ (၃)ပါးရှိရာ မဇ္ဈိမပုဂ္ဂိုလ်အဖြစ် အာရညကဓူတင် လေးပါးကို အာနာပါနကမ္မဋ္ဌာန်းနှင့်တကွ ပွားများကျင့်ကြံအားထုတ်ခဲ့ပါသည်။

၉။ ရဟန်းရှင်လူတို့၏ကြည်ညိုလေးစားမှု။ ။ဆရာတော်သည် ဓူတင်လေးပါးကိုမပျက်စေဘဲ ဝိပဿနာဓုရကို ထက်သန်သော ဆွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပွားများအားထုတ်ခဲ့ခြင်း၊ ဒကာ ဒကာမများအပေါ် လူတန်းစားမခွဲခြားဘဲ တန်းတူညီတူသဘောထားကာ ဆုံးမဩဝါဒပေးခြင်း၊ အလိုနည်းခြင်း၊ ရသတဏှာကိုပယ်ခြင်း၊ ဆိတ်ငြိမ်ရာအရပ်ကို အလိုရှိခြင်း စသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိပဿနာဓုရာဝဟာဂုဏ်၊ ကမ္မဋ္ဌာန နယဒေသကဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင်း ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

၁၀။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း။ ။ ဤသို့သော ဂုဏ်အရည်အသွေးများကြောင့် ၁၉၉၉ခုနှစ်၊ ဇန်နဝါရီလ၄ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၉၉)ဖြင့် ဆရာတော်သည် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူပါသည်။

၁၁။ ဘဝနတ်နန်းစံမြန်းတော်မူခြင်း။ ။ မဟာဗောဓိ ဝိဟာရကျောင်း၊ ပဓာနနာယကသက်တော်ရှည်ဆရာတော်ကြီးသည် ဘုရား၊ရဟန္တာတို့သော်မှ ရှောင်လွှဲမရနိုင်သည့် အနိစ္စသဘောကြောင့် ၁၃၆၆-ခုနှစ်၊ တပေါင်းလဆန်း ၆ရက်၊ (၁၅-၃-၂၀၀၅)အင်္ဂါနေ့နံနက်၀၉:၀၀ နာရီအချိန်တွင် ဘဝနတ်နန်း စံမြန်းတော်မူပါသဖြင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို တပေါင်းလပြည့် ၂၄-၃-၂၀၀၅(ကြာသပတေးနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

ယူအီးအက်ဖ်အေဖလားပွဲတွင် ပါးမားအသင်းမှ ဖာဘီယိုဇစ်နာရိလီ (ယာ)နှင့် ဆီဗဲလ်လာ အသင်းမှ ဒယ်နီယယ်အဲလ်ဗီစ်တို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူအီးအက်ဖ်အေဖလားဒုတိယပွဲစဉ် ပါးမားက ဆီဗဲလ်လာကို တစ်ဂိုးဖြင့်နိုင်

ရောမ မတ် ၁၈

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် ပါးမားအသင်းနှင့်ဆီဗဲလ်လာအသင်းတို့သည် အီတလီမြောက်ပိုင်းပါးမားရှိတာဒီနီကစားကွင်းတွင် မတ်၁၇ ရက်က ယှဉ်ပြိုင်ကစားကြရာပါးမားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ယူအီးအက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းခွင့်ရသွားပြီဖြစ်သည်။

ပွဲစပြီး၁၉မိနစ်အကြာတွင် အီတလီကလပ်အသင်းပါးမားအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဂူစီမီကာဒုံးက အနီးကပ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း

ဒုတိယပိုင်းပွဲစအပြီး ၁၃မိနစ်တွင် ဆီဗဲလ်လာအသင်းမှ အင်တိုနီတိုက ဂိုးရှေ့သို့ဖြတ်တင်ပေးလိုက်သောဘောလုံးကို ရှေ့တန်းလူဂျူလီယိုဘာတစ်စတာက အပိုင်ကန်သွင်းခွင့်ရခဲ့သော်လည်း ဘောလုံးမှာဂိုးဘားတန်းပေါ်ကျော်သွားသဖြင့် ချေပဂိုးမရဘဲ ပွဲသိမ်းခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ အားကစားသတင်း

စပို့တင်းလစ္စဘွန်းက မစ်ဒယ်ဘရော့ကိုနိုင် ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်တက်

လန်ဒန် မတ် ၁၈

စပို့တင်းလစ္စဘွန်းအသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့သည် ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်တက်နိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီးနောက် စပို့တင်းလစ္စဘွန်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။

စပို့တင်းလစ္စဘွန်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲပြီးခါနီးကျမှ ရရှိခဲ့ခြင်းဖြစ်သည်။ စပို့တင်းအသင်းမှ ဂွါလာက တစ်ဖက်နောက်တန်းလူ ခရစ်ရီဂေါ့ကိုလိမ်၍ ဂိုးအနီးသို့ချပေးလိုက်သောဘောလုံးကို ရှေ့တန်းလူ ပက်ဒရိုဘာဘိုဆာက ကန်သွင်းလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြိုးကြိုး စားစား

မစ်ဒယ်လ်ဘရော့အသင်းမှ ဂရက်ဆောက်ဂိတ် (အလယ်)**နှင့် စပို့တင်းအသင်းမှ ရိုဂီရီအို (ဝဲ)နှင့် ဂျူမော်တင်ဟို**(ယာ)**တို့ ဘောလုံးရရှိရေးကြိုးစားနေကြစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဌာနတစ်ခုနှင့်တစ်ခု လုပ်ငန်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ပစ္စည်းပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုတို့ကို အချိတ်အဆက်မိမိဆောင်ရွက်

✧ ရှေ့ဖုံးမှ

နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိလာသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား အင်းတကော်စက်မှုနယ်မြေမှ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေရှိ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန

စာမျက်နှာ ၈ ကော်လံ ၁ သို့ ⇨

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက ထုတ်လုပ်သည့် မော်တော်ယာဉ်သုံးနှင့် လယ်ထွန်စက်ကြီးသုံး တာယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြစစ်ကြောင်းများ(တပ်ပါ) ချီတက်လေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် (တပ်ပါ)ချီတက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ(တပ်ပါ)ချီတက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ပစ္စည်းအမယ်သစ် (အမည်သစ်)များကို မည်ကဲ့သို့တိုးချဲ့ထုတ်လုပ်မည်၊ အမယ်ဟောင်းများကိုလည်း အရည်အသွေးပိုမိုကောင်းမွန်အောင်
မည်သည့်အစိတ်အပိုင်းကို ပြုပြင်သွားပြီး မည်သည့်စက်ပစ္စည်းအပိုင်းကို ထပ်ထည့်မည်တို့ကို အသေးစိတ် စီမံချက်ချလုပ်ကိုင်